မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလဆန်း ၆ရက်၊ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၄၁)

ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်

မိုင်းယောင်းမြို့ တာချီလိတ်မြို့နှင့် မိုင်းဖြတ်မြို့များ၏ ဖွံ့ဖြိုးတိုးတက်မှုကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်နှင့် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၅ရက် နံနက် ၁၀နာရီတွင် မိုင်းယောင်းမြို့ ဗလမင်းထင်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မှာကြားကာ ကွန်ပျူတာနှင့် ရုပ်မြင်သံကြားဖမ်းစက်ကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး မိုင်းယောင်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ပေးအပ်

ထိုမှတစ်ဆင့် မိုင်းယောင်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးဝါးကုသမှုခံယူလျက်ရှိသော လူနာများအား အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ❒

(၆၅)နှစ်မြောက် တပ်မတော်နေ့

ဦးတည်ချက်

၁။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ်ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများအောင်မြင်စွာ ကျင်းပနိုင်ရန် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၃။ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုစွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ် တိုက်ဖျက်ရေး။

၄။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

သတင်းခရီးသည်
မောင်မောင်မြင့်ဆွေ

ဓာတ်ပုံမှတ်တမ်း
လေးနွယ် (မင်္ဂလာဒုံ)

စာမျက်နှာဖွဲ့စည်းမှု
မာမာစိုး (မြန်မာ့အလင်း)

အလှဖြာဝေ မောရှမ်းမြေအတွက် တေးသံလွင်လွင် ခရီးနှင်နိုင်မည့်

မိုးနဲ-လင်းခေး ရထားလမ်းပိုင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၇

မြူနှင်းများဝေဆိုင်းနေသော နံနက်ခင်းတွင် တောင်ကြီးမြို့မှ မော်တော်ယာဉ်ဖြင့် မိုးနဲမြို့သို့ ထွက်ခွာခဲ့သည်။ လမ်းတစ်လျှောက် တောင်စွယ်တောင်တန်းများကို ဖြတ်သန်းခဲ့ရာ မြင်တွေ့သမျှ ရှုခင်းများက စိတ်ကို လန်းဆန်းစေသည်။ ပြည်ထောင်စုကြီး၏ သဘာဝအလှရှုခင်းများကား နေရာအနှံ့ စာဖွဲ့မကုန်နိုင်အောင်ပင်....။ *စာမျက်နှာ ၉ ကော်လံ ၃* ✻

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲ - လင်းခေး လမ်းပိုင်းတွင် တောင်ကြားအတွင်း ရထားလမ်းဖောက်လုပ်မှုလုပ်ငန်းများကို ဤသို့ ဆောင်ရွက်နေသည်။ ဓာတ်ပုံမှတ်တမ်း- လေးနွယ်(မင်္ဂလာဒုံ)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

18-2 (01).pmd 1 2/18/2010, 1:38 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်)

အသိအမြင် အတွေးအခေါ် မြင့်မားရေး စာအုပ်စာပေများ ဖတ်ရှုလေ့လာ

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် ခေတ်အမြင် ခေတ်အသိဖွံ့ဖြိုးပြီး အကောင်းအဆိုး ဝေဖန်ပိုင်းခြားနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရန်လိုအပ်ပေသည်။

လူတိုင်းသည် မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးတို့အတွက် မှန်ကန်သောအတွေးအခေါ်နှင့် အကောင်းအဆိုး ဝေဖန်ပိုင်းခြားနိုင်သည့် အသိအမြင်များကို စာအုပ်စာပေဖတ်ရှုခြင်းဖြင့် အများဆုံးရရှိနိုင်သည်။

စာအုပ်စာပေများမှ ဗဟုသုတအတွေ့အကြုံများကို လေ့လာဆည်းပူးနိုင်မည်ဖြစ်သည်။ စာဖတ်ခြင်းဟူသော အလေ့အထကို ငယ်ရွယ်စဉ်ကပင် ပြုကျင့်ကြပါက စိတ်ဓာတ်ကြံ့ခိုင်မှုနှင့်အတူ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ရရှိနိုင်မည်ဖြစ်သည်။

စာပေကိုလေ့လာဖတ်ရှုခြင်းဖြင့် တွေးခေါ်မြော်မြင်မှုများရင့်ကျက်လာပြီး အကောင်းအဆိုး ချင့်ချိန်ပိုင်းခြားနိုင်သည့် အရည်အချင်းပြည့်ဝသူများ ဖြစ်လာပေမည်။

နိုင်ငံတော်အစိုးရသည် ကျေးလက်နှင့်မြို့ပြ စီးပွားရေးနှင့် လူမှုရေး ကွာဟချက်များလျော့နည်းစေရန်၊ ကျေးလက်ပြည်သူများ ဗဟုသုတ တိုးပွားပြီး အသိပညာမြင့်မားလာစေရန်အတွက် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ထူထောင်ပေးခဲ့သည်။

စာကြည့်တိုက်များဖွင့်လှစ်ခြင်းဖြင့် ကျေးလက်ပြည်သူများ စာပေဖတ်ရှုသည့် အလေ့အထကောင်းများဖြစ်ထွန်းလာပြီး သက်ကြီးစာတတ်မြောက်သူများ စာဖတ်ရှုနိုင်မြင့်မားကာ အသိပညာဗဟုသုတ တိုးပွားနိုင်သည်။

ယခုအခါ ပြည်ထောင်စုတစ်ဝန်း ကျေးလက်စာကြည့်တိုက်များကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည့်အပြင် လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ရပ်ကွက်၊ ကျေးရွာအလိုက် လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်သည့် ရပ်ရွာပညာပဒေသာဌာနကိုလည်း တည်ထောင်ဖွင့်လှစ်ပေးခဲ့ရာ ကျေးလက်စာကြည့်တိုက်နှင့် ရပ်ရွာပညာပဒေသာဌာနပေါင်း ၅၈၃၂၉ခုကို တစ်နိုင်ငံလုံး လွှမ်းခြုံ ဖွင့်လှစ်ထားနိုင်ပြီဖြစ်သည်။

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာဗဟုသုတများ ရှာမှီးနိုင်ရေးအတွက် စာကြည့်တိုက်များကို တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိရာ အရည်အသွေးပြည့်ဝသော နိုင်ငံ့သားကောင်းများဖြစ်ရန် စာအုပ်စာပေများကို ငယ်ရွယ်စဉ်ကစပြီးဖတ်ရှုကြ၍ ဗဟုသုတများ လေ့လာဆည်းပူးကြရမည်ဖြစ်သည်။ ထိုသို့ စာအုပ်စာပေများ ဖတ်ရှုလေ့လာမှသာ အသိအမြင်အတွေးအခေါ်များ မြင့်မားလာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံ သယ်ပိုးစွမ်းဆောင်နိုင်ကြမည်ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)
၁၉-၂-၂၀၁၀

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
- ၇း၀၅ တရားတော် (မင်္ဂလသုတ်) ဓမ္မပူဇာတေးပဒေသာ
- ၇း၃၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန် + သတင်းဆောင်းပါး
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၈း၃၀ ပြောပါရစေရှင် (အလှည့်)
- ၈း၃၅ တေးပဒေသာ
- ၁၀း၀၀ သောတရှင်လိုရာတေး
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၄၀ တူယှဉ်သီကြွေးစုံတွဲတေး
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၃၀ လေလှိုင်းကြားကပွဲတင်သံ
- ၁၁း၄၅ နေ့လယ်ခင်းတေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် ဆိုကြပျော်ရွှင်တေးသံစဉ် Intermediate Level 12
- ၁၂း၁၀ အလုပ်အကိုင်အခွင့်အလမ်း ရသုံးမှန်းခြေ စိစစ်(၂)
- ၁၂း၂၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃း၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆း၂၀ ဆောင်းပါး
- ၁၆း၃၀ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (ရူပဗေဒ)
- ၁၇း၀၀ Music Talk (11) တေးပဒေသာ
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၀ တေးပဒေသာ
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၁၀ တေးချစ်သူရွေးသီတေးပန်းချီ နိုင်ငံရေးဦးတည်ချက်
- ၁၈း၄၅ တေးပဒေသာ
- ၁၉း၀၀ နိုင်ငံတကာသတင်း
- ၁၉း၁၀ ညချမ်းချိန်ခါတေးပဒေသာ
- ၁၉း၂၅ ဇာတ်လမ်းပမာနားဆင်စရာ (ကံ့ကော်တွေ ဝေလေတိုင်း)
- ၁၉း၄၅ တေးပဒေသာ
- ၂၀း၀၀ ပြည်တွင်းသတင်း
- ၂၀း၁၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (မေခလာ) စီးပွားရေးဦးတည်ချက် တေးပဒေသာ
- ၂၁း၀၀ ဆောင်းပါး (ယုန်နဲ့လိပ်) ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
- ၂၂း၀၀ အစီအစဉ်ပြီး၏။

သစ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို မတ် ၅ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့ရှိ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းရုံး၌ ကျင်းပမည်ဖြစ်ရာ အသင်းသား အသင်းသူများနှင့် အသင်းဝင် ကုမ္ပဏီများသို့ ဖိတ်ကြားထားပြီးဖြစ်ကာ အသင်းသားစုံညီ အစည်းအဝေးသို့ လိုက်ပါလိုသူများသည် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းရုံး အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့သို့ မတ်၃ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။

မတ် ၄ရက် မွန်းလွဲ ၁နာရီနှင့် မတ် ၅ရက် နံနက် ၃နာရီတို့တွင် နှစ်သုတ်ခွဲ၍ မော်တော်ယာဉ်များဖြင့် ထွက်ခွာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ တိုက်(၁၁)နေ ဦးသိန်းထွန်း-ဒေါ်နွဲ့နွဲ့ရီ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ် ၂၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံယူစဉ်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ မော်လမြိုင်မြို့ အထက (၃)၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့က ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၃ရက်က မော်လမြိုင်မြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း မြတ်ပန်းတော်ဝင်ခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာချိုချိုမြတ်အောင်က အမှာစကားပြောကြားပြီး မော်လမြိုင်မြို့နယ် တာဝန်ခံ ယာဉ်ထိန်း ဒုတိယရဲမှူးမြင့်အေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး အကြောင်းနှင့် ယာဉ်မတော်တဆမှု ပပျောက်ရေးတို့ကိုလည်းကောင်း **(အပေါ်ပုံ)**၊ ဒုတိယ ရဲအုပ်အောင်နိုင်က ဆိုင်ကယ်စီးသူများ လိုက်နာရန် စည်းကမ်းချက်များ၊ စက်ဘီးစီးသူများနှင့် ခြေကျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းချက်များကို လည်းကောင်း ဟောပြောကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ဇာတ်လမ်းခွေကို ပြသသည်။

ပေးအပ်

ထို့နောက် တာဝန်ခံယာဉ်ထိန်း ဒုတိယရဲမှူးမြင့်အေးက အသိပညာပေး ဇာတ်လမ်းခွေနှင့် လက်ကမ်းစာစောင်များကို ကျောင်းအုပ်ဆရာမကြီး ဒေါက်တာချိုချိုမြတ်အောင်ထံ ပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ကျောင်းမှ ကျောင်းသူများလေ့လာနိုင်ရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးမှတ်တမ်းဓာတ်ပုံများကို တစ်ပတ်ကြာ ပြသထားရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကျင်းပသည့် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု ကလေးများ ကာယအလှ မောင်မယ်ပြိုင်ပွဲနှင့် ဉာဏ်စွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်က အထက (၂) ဗဟန်းကျောင်း အားကစားခန်းမ၌ ကျင်းပရာ ကာယအလှမယ် ပထမဆု ရရှိသော ဗိုလ်စိန်မှန် ရပ်ကွက်မှ မရွှန်းလဲ့ယုမွန်အား မြို့နယ်အသင်း ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်က ဆုချီးမြှင့်စဉ်။
(မြို့နယ် ပြန်/ဆက်)

ရေဦးမြို့ မြို့နယ်လုံးကျွတ် အခြေခံပညာကျောင်းများ ပညာရည်ထူးချွန်မှု ယှဉ်ပြိုင်စာမေးပွဲ ဆုချီးမြှင့်

ရေဦး ဖေဖော်ဝါရီ ၁၇

ရေဦးမြို့ မြို့နယ်ပညာရေးမှူးရုံးက ကြီးမှူးကျင်းပသော မြို့နယ်လုံးကျွတ် အခြေခံပညာကျောင်းများ ပညာရည်ထူးချွန်မှုယှဉ်ပြိုင်စာမေးပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ရက် နံနက် ၁၀နာရီက အထက (၁) ကံ့ကော်ဆောင်ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဦး၊ မြို့နယ်ပညာရေးမှူး ဦးကျော်တင့်နှင့် အထက(၁) ကျောင်းအုပ်ဆရာကြီး ဦးကျော်ဆွေတို့က အမှာစကား ပြောကြားကြသည်။

ဆုချီးမြှင့်

ထို့နောက် ဆုရ အခြေခံပညာကျောင်းမှ ဆရာ ဆရာမများ၊ မြို့နယ်အဆင့် ဘက်စုံထူးချွန်ဆုရသူများ၊ ကျောင်းတွင်းပညာရည်ချွန်ဆုနှင့် ဘက်စုံထူးချွန်ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။ **(ပညာရေး)**

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များ ညီလာခံကျင်းပမည်

မန္တလေး ဖေဖော်ဝါရီ ၁၇

(၁၈)ကြိမ်မြောက် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များ ညီလာခံကို ဖေဖော်ဝါရီ ၂၃ရက်မှ ၂၅ရက်အထိ မန္တလေးမြို့၌ ကျင်းပမည်ဖြစ်သည်။ ညီလာခံအကြို အလုပ်ရုံဆွေးနွေးပွဲ (Pre-Conference Work Shop) အနေဖြင့် နှာခေါင်းပြုပြင်ခွဲစိတ်နည်း (Rhinoplasty) ကို ဖေဖော်ဝါရီ ၂၂ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး ညီလာခံတွင် ပြည်နယ်နှင့်တိုင်းအသီးသီးမှ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဆရာဝန်များနှင့် ဗြိတိန်နိုင်ငံမှ Dr.Robim Young ဦးဆောင်သည့် အဖွဲ့တို့ပူးပေါင်းပြီး လူနာများကို ခွဲစိတ်ခြင်း၊ ပညာဖလှယ်ခြင်း၊ စာတမ်းများတင်သွင်းခြင်းနှင့် Symposium များပြုလုပ်ခြင်းတို့ ပါဝင်မည်ဟုသိရသည်။ ***(မြန်မာ့အလင်း)***

18-2 (02).pmd 1 2/18/2010, 1:38 AM

သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေး

ထေရအရှင် ဆရာသခင်တို့၏ ဩဝါဒတော်များနှင့်အညီ ဓမ္မအာဏာစက်နှစ်ဖြာ ဆရာဒကာ ညီညာလက်ဆင့် ရှေ့သွားညီအောင် ကြိုးပမ်းဆောင်ရွက်ကြမည်ဖြစ်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဖေဖော်ဝါရီ ၁၆ရက်တွင် ကျင်းပသည့် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေး ဒုတိယနေ့တွင် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ထေရဂုဏ်ကိုအာရုံပြုလျက် ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် ကျေးဇူးတော်ရှင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော် အရှင်သူမြတ်ကြီးများဘုရား-

မြတ်ဗုဒ္ဓဘုရားရှင်၏ သာသနာတော်မြတ်ကြီး သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးအတွက် အာရုံရှေးရှု ဂရုပြုကာ သမ္မာဆန္ဒ အပြည့်အဝဖြင့် ယနေ့ကျင်းပသည့် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေးသို့ အညီအညွတ် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာ စုံစုံညီညီ ဖူးမြော်ကြည်ညိုရပါသဖြင့် အတိုင်းမသိ ဝမ်းမြောက်ကြည်နူးရပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါသည်ဘုရား။

သာသနာ့တာဝန်ထမ်းဆောင်

သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်သည် တပည့်သား ရှင်ရဟန်းတို့အား မလွဲကေန် ထမ်းဆောင်ရမည့် သာသနာ့တာဝန်များကို ထမ်းဆောင်စေတော်မူခဲ့ရာ ယင်းတို့မှာ-

- စာပေကျမ်းဂန် သင်အံပို့ချ ဟောပြောဆောင်ရွက်ခြင်းဟူသော ဂန္ထဓုရ တာဝန်၊
- သမထ၊ ဝိပဿနာ တရားဘာဝနာ ပွားများအားထုတ်မှု၊ သင်ကြားပြသမှု

ဟူသော ဝိပဿနာဓုရတာဝန်တို့ ဖြစ်ပါသည်ဘုရား။ သုပ္ပဋိပန် အကျင့်မှန်သည့် ဘုရားသားတော် ရှင်ရဟန်းမှန်သမျှသည် ဂန္ထဝိပဿနာ နှစ်ဖြာဓုရကို ထမ်းဆောင်ကြရာတွင် ကိုယ်တိုင်လည်း သင်ယူကျင့်ကြံလက်ခံကျင့်သုံး တပည့်ရှင်ရဟန်းတို့ကိုလည်း နည်းပေးသင်ပြ ဆိုဆုံးမပေးကြရပါသည်ဘုရား။ တစ်ဆင့်ထပ်ပွား ဒကာ ဒကာမများကိုလည်း ကုသိုလ်တရား ပွားများဆည်းပူးနိုင်ကြစေရန် လယ်ယာမြေကောင်းသဖွယ် ကုသိုလ်မျိုးစေ့ စိုက်ပျိုးကြဲချစေရေး သွန်သင်နည်းပြ ဆုံးမဩဝါဒပေးကြရပါသည်ဘုရား။ ကုသိုလ်အထု ပွားနှယ်စုကြစေရန် အကုသိုလ် လုပ်ရပ်မှန်သမျှကို စိတ်အကြံနှုတ်အပြောကိုယ်အလုပ်တို့တွင် ကိုယ်တိုင်တိုက်တွန်း ချီးမွမ်းစိတ်တူမဖြစ်စေရန်တို့ကို တည့်မတ်ဟောကြားပေးကြရပါသည်ဘုရား။ ဘုရားသားတော် ရှင်ရဟန်းမှန်သမျှသည် ဤသာသနာ့တာဝန်များကို မလွဲမသွေ ဆောင်ရွက်နေကြရပါသည်ဘုရား။

တိကျမှန်ကန်

တပည့်တော်တို့ မြန်မာနိုင်ငံတော်ကြီးတွင် ၁၉၈၀ပြည့်နှစ်က ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးကို ဖွဲ့စည်းတည်ထောင်၍ သံဃာ့အဖွဲ့အစည်းအခြေခံ စည်းမျဉ်းလုပ်ထုံးလုပ်နည်းကို အတည်ပြုပြဋ္ဌာန်းခဲ့သည်မှာ လွန်စွာကျေးဇူးများလှပါသည်ဘုရား။ သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံသီတင်းသုံးလျက် သံဃာအချင်းချင်း ကြီးကြပ်ထိန်းသိမ်းသွားရန်၊ သံဃာတော်များသည် ဓုရနှစ်ပါးကို ကိုယ်စီချမ်းသာစွာ ထမ်းဆောင်လျက် သာသနာတော်သုံးရပ်အတွက် အလေးထား ဆောင်ရွက်နိုင်ကြစေရန်၊ သံဃာညီညွတ်မှုကို ရှေးရှုဆောင်ရွက်ကြစေရန် စသောရည်ရွယ်ချက်များသည် သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ထွန်းကားပြန့်ပွားစေရေးအတွက် တိကျမှန်ကန် ခိုင်မာသော အခြေခံအချက်ကြီးများပင် ဖြစ်ပါသည်ဘုရား။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့်အတူ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွဲ့စည်းထားသော သံဃနာယက၊ သံဃာ့ဝန်ဆောင်အဖွဲ့အစည်း အဆင့်ဆင့်တို့သည် သာသနာတော်မြတ်ကြီးအတွက် အခါအားလျော်စွာ ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများ၊ လက်စွဲကျမ်းများ၊ ညွှန်ကြားလွှာများ စသည်တို့အတိုင်း လိုက်နာကျင့်ဆောင်လျက် သာသနာရေးကိစ္စများကို ဖြေရှင်းဆောင်ရွက်နေကြသည်မှာ အားရဖွယ်ရာဖြစ်၍ လေးစားကြည်ညိုရပါသည်ဘုရား။

စုပေါင်းဆုံးဖြတ်

သံဃာ့အဖွဲ့အစည်းများ၏ ဦးစီးနာယကဖြစ်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် ဓမ္မဝိနယကို အလေးဂရုပြုလျက် သံဃာစည်းလုံးညီညွတ်ရေးကို ရှေးရှုအလေးထားဆောင်ရွက်နေကြောင်း တွေ့ရှိရပါသည်ဘုရား။ သံဃာကိုသာ အလေးဂရုပြုရမည်၊ ပုဂ္ဂိုလ်ကို အလေးဂရုမပြုရဟူသော ပရိဝါပါဠိတော်နှင့်အညီ အချင်းချင်း တိုင်ပင်ညှိနှိုင်းလျက် စုပေါင်းဦးဆောင်မှု၊ စုပေါင်းဆောင်ရွက်မှု၊ စုပေါင်းဆုံးဖြတ်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေကြပါသည်ဘုရား။ ထို့အပြင် ဗုဒ္ဓဘုရားရှင်က ဖုဿမထေရ်မြတ်အား ထေရဂါထာတွင် ဟောမိန့်ကြားထားတော်မူသည့် သံဃာအချင်းချင်း ချစ်ခင်အပ်၊ လေးစားအပ်၊ ချီးမွမ်းအပ်သူဖြစ်စေရန် ကျင့်စဉ်တရားများနှင့်အညီ ဆောင်ရွက်တော်မူကြကြောင်း ကြည်ညိုဖွယ်ရာ တွေ့ရှိရပါသည် ဘုရား။

သံဃာ့အဖွဲ့အစည်းညီညွတ်ကြောင်း ကျင့်စဉ်တရားများမှာ -

- ကောင်းစွာဟောကြားအပ်သော စကားများဖြင့် နှီးနှောဆွေးနွေးတိုင်ပင်ခြင်း၊
- စိတ်နှလုံး နူးညံ့သိမ်မွေ့ခြင်း၊
- အချင်းချင်း ရိုသေတုပ်ဝပ်ခြင်း၊
- ပြုလုပ်ဆောင်ရွက်ရာ၌ မေတ္တာရှေ့ထားခြင်း၊
- သနားကြင်နာမှု ကရုဏာရှိခြင်း၊
- သီလလေးပါး ပါတိမောက်တရားကို အလေးဂရုပြုလျက် ဆောင်ရွက်ခြင်း၊
- သာသနာတော်မြတ်ကြီးကို ချီးမြှောက်ရာ၌ ထက်သန်သော ဝီရိယရှိခြင်း၊
- ကိလေသာကင်းကြောင်းတရားကို အာရုံပြုခြင်း၊
- အမြဲမပြတ် ခိုင်မာသော အားထုတ်မှု လုံ့လရှိခြင်း၊
- အရာရာ၌ သတိပညာဖြင့် စီမံဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်ဘုရား။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် လေးလလျှင် တစ်ကြိမ် (၄၇)ပါး စုံညီအစည်းအဝေးပြုလုပ်လျက် သဘာပတိဥက္ကဋ္ဌ ဆရာတော်ဘုရားကြီး၏ သမ္မောဒနီယ သာရဏီယ ဩဝါဒကထာကို ခံယူလျက်လည်းကောင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ဆရာတော်များသည် ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ် ပုံမှန်အစည်းအဝေးများ ကျင်းပရာ ဒုတိယဥက္ကဋ္ဌဆရာတော်ကြီးများ၏ ဩဝါဒကထာကို နာယူလျက်လည်းကောင်း၊ ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာလုပ်ငန်းများကို အပြန်အလှန် အတုံ့အလှယ် အထပ်ထပ် ညှိနှိုင်းဆွေးနွေး အညီအညွတ် ဆုံးဖြတ်တော်မူကြပါသည် ဘုရား။

စိစစ်ဆောင်ရွက်

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆဋ္ဌအစည်းအဝေး၌ သဘာပတိ၊ ဥက္ကဋ္ဌ မကွေးဆရာတော်ဘုရားကြီး၏ သာရဏီယ ဩဝါဒကထာတွင် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များက အဓမ္မဟု ဆုံးဖြတ်ခဲ့သော ဝါဒများကို အဓမ္မဝါဒီများက ပြန်လည်ဟောပြောနေခြင်း၊ အဓမ္မဝါဒဟု ဆုံးဖြတ်ပြီးသော စာအုပ်စာတမ်းများကို မိတ္တူကူး၍ ဖြန့်ချိနေခြင်းများ၊ ထေရဝါဒ ဗုဒ္ဓသာသနာတော်နှင့်မညီသော ရေးသားမှု၊ ဟောပြောမှု၊ ပြသမှုများကို ပေါ်ပေါ်ထင်ထင်ပြုလုပ်နေခြင်းများ စသည်တို့ကို တားဆီးကာကွယ်နိုင်ရန် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ သံဃာ့အဖွဲ့အစည်းကြီး ကျစ်လျစ်ခိုင်မာစွာ တည်တံ့ရေးအတွက် အသက်သွေးကြောဖြစ်သော သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများတွင် ကာလဒေသနှင့်အညီ လစ်ဟာကွက်လိုအပ်ချက်များကို လေ့လာစိစစ်၍ ဖြည့်စွက်ပြင်ဆင် ဖြုတ်ပယ်သင့်သည်များကို ညှိနှိုင်းဆောင်ရွက်ကြကြောင်း၊ သာသနာတော် ဆုတ်ယုတ်ကြောင်း အမှုများကို ကျူးလွန်တတ်ကြသော အလဇ္ဇီရဟန်းများ၊ ရဟန်းတု ရဟန်းယောင်များ၊ မိစ္ဆာဇီဝအမှုများဖြင့် အများယုံကြည်အောင် ကျူးလွန်လိမ်လည်တတ်သူများကို ဟန့်တားပယ်ရှင်းနိုင်စေရန် စသည်ဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဩဝါဒကထာ မိန့်ကြားထားတော်မူရာ မှတ်သားလိုက်နာဆောင်ရွက်ရန် အချက်များဖြစ်ပါသည် ဘုရား။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၌ ပါဝင်ကြသော ဆရာတော်များ လုပ်ငန်းတာဝန်များတွင် ကျွမ်းကျင်နိုင်နင်းစွာ ဆောင်ရွက်နိုင်ကြစေရန်၊ အရည်အချင်းများ ကျွမ်းကျင်မှုများ ပြည့်ဝလာစေရန် နာယကသင်တန်းများ၊ ဝိနည်းဓိုရ်သင်တန်းများ စသည့် သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခြင်း၊ သံဃာ့အဖွဲ့အစည်းများဆိုင်ရာ လက်စွဲကျမ်းများ၊ ညွှန်ကြားလွှာများ၊ လုပ်ထုံးလုပ်နည်းများကို ကျေညက်ကျွမ်းကျင်စေခြင်း စသည်တို့ကြောင့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကို အခြေခံလျက် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့သည် ခိုင်မာတောင့်တင်း စွမ်းဆောင်ရည် မြင့်တက်လာမည်ဖြစ်ပါသည် ဘုရား။

ယုံကြည်ထား

ထို့ကြောင်ပင်လျှင် ဣတိဝုတ်ပါဠိတော်၊ သံဃသာမဂ္ဂီသုတ်တွင် သံဃာညီညွတ်ခြင်းသည် လူနတ်တို့ အကျိုးစီးပွားဖြစ်ထွန်းရန်၊ ချမ်းသာကြီးပွားရန်ဖြစ်ကြောင်း၊ သံဃာတော်တို့ ညီညွတ်မျှတကြသော် အချင်းချင်း ငြင်းခုံခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရှုတ်ချခြင်း၊ မလိုမုန်းထားခြင်း မဖြစ်ကြမူ၍ အေးငြိမ်းချမ်းသာစွာ သာသနာအရေး မျှော်တွေးဆောင်ရွက်ကြသဖြင့် မကြည်ညိုကြသေးသူတို့လည်း ကြည်ညိုလာနိုင်ကြပြီး ကြည်ညိုပြီးသူတို့သည်လည်း တိုးတက်၍သာ ကြည်ညိုသဒ္ဓါ တိုးပွားလာနိုင်ကြောင်း မှတ်သားသိရှိရပါသည် ဘုရား။ သံဃာ့အဖွဲ့အစည်းများအတွင်း အဖန်ဖန် အထပ်ထပ် စည်းဝေးတိုင်ပင်ညှိနှိုင်းကြပါလျှင် အချင်းချင်း တစ်ပါးနှင့်တစ်ပါး ယုံမှားသံသယကင်းတော်မူကြ၍ စိတ်တူကိုယ်မျှ ဆောင်ရွက်နိုင်ကြသဖြင့် သာသနာတော်ကြီးသည် နေလပမာ ထွန်းတောက်နေမည်သာ ဖြစ်ပါသည်ဟု ဘုရားတပည့်တော် ယုံကြည်ထားပါသည် ဘုရား။

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများဘုရား-

ယခုအချိန်တွင် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များ၊ လုပ်ငန်းစီမံချက်များနှင့်အညီ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ၂၅ရာခိုင်နှုန်း အနားယူခြင်း၊ အစားထိုးရွေးချယ်ခြင်းများ ဆောင်ရွက်နေကြသည်ဖြစ်ရာ မြို့နယ်သံဃနာယကအဖွဲ့၊ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တို့တွင် စွမ်းအင်တိုးပွား ခွန်အားပြည့်ဖြိုး ပွားတိုးစည်ပင်လာမည်ဖြစ်ပါသည် ဘုရား။

၁၉၈၀ပြည့်နှစ် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီး ဖြစ်ထွန်းလာပြီးသည့်နောက် သာသနာရေးရာကိစ္စများကို အကောင်အထည်ဖော် ဆောင်ရွက်တော်မူကြရာတွင် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်အဖြစ် ပဲခူးမြို့မ ဆရာတော် ဘုရားကြီး၊ အကျိုးတော်ဆောင်ဆရာတော် မင်းကွန်းဆရာတော်ဘုရားကြီးနှင့် သန်လျင်မင်းကျောင်း ဆရာတော်ကြီးများသည်လည်းကောင်း၊ ထိုပြီးနောက် ဥက္ကဋ္ဌဆရာတော် မြင်းခြံဆရာတော်ဘုရားကြီး၊ အကျိုးတော်ဆောင် မကွေးဆရာတော်ဘုရားကြီး၊ ထိုမှနောက် ဥက္ကဋ္ဌ ဆရာတော် မကွေးဆရာတော် ဘုရားကြီး၊ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော်ဘုရားကြီးတို့သည် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီး၏ ရည်ရွယ်ချက်များကို ဦးဆောင်အကောင်အထည်ဖော်လျက် သာသနာတော် သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးတို့ကို အစဉ်အဆက် ဆောင်ရွက်တော်မူခဲ့ကြရာ အထူးပင် သာသနာတော်အတွက် ကြည်ညိုပူဇော်ရပါသည် ဘုရား။

လေးစားကြည်ညို

ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီး၏ သမိုင်းစဉ်တွင် ဥက္ကဋ္ဌ ဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်ကြီးများသည် သက်တော်ရှည်ကြာ အို နာ ရင့် ညောင်း ဇရာထောင်းလျက် ပျံလွန်တော်မူသည်အထိ သာသနာ့ကိစ္စရပ်များကို ဆောင်ရွက်တော်မူခဲ့ကြရာ ရဟန်းသာမဏေအားလုံးတို့၏ ဦးစီးဦးဆောင် ထိပ်ခေါင်တင်မထေရ်ကြီးများဖြစ်သကဲ့သို့ နိုင်ငံတော်အစိုးရအမှုးရှိသော ဒကာ ဒကာမ ပြည်သူအများတို့သည်လည်း သာသနာ့ထိပ်ခေါင်တင် ဆရာတော်ကြီးများအဖြစ် အားကိုးအားထား လေးစားကြည်ညို ဩဝါဒတော်များကို အစဉ်ခံယူ ပူဇော်လျက်ရှိပါသည် ဘုရား။

ရှေးဆရာတော်ကြီးများ သက်တော်ထင်ရှားရှိစဉ်က ချီးမြှင့်တော်မူခဲ့ကြသော ဩဝါဒတော်များကို နောက်နောက် တပည့်သံဃာတော်များသည် ဆရာတော်ဘုရားကြီးများ လွန်တော်မူသွားပြီးဖြစ်သော်လည်း အစဉ်အမြဲခံယူလျက် ဆက်လက်လိုက်နာကျင့်သုံးကြခြင်းသည် ထေရဝါဒ ဗုဒ္ဓသာသနာတော်၏ အလွန်မွန်မြတ်သော အစဉ်အလာကောင်းတစ်ရပ်ဖြစ်ပါသည် ဘုရား။

သာသနာတော်မြတ်ကြီး စည်ပင်ထွန်းကားပြန့်ပွားစေရန်အတွက် နိုးကြားတက်ကြွဆောင်ရွက်ကြသော ရဟန်းသံဃာအပေါင်း၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူအပေါင်းတို့ ကြည်ညိုလေးစားကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်ဘုရားကြီးနှင့် အကျိုးတော်ဆောင် ဆရာတော်ဘုရားကြီး နှစ်ပါးတို့သည် ရှေးဆရာတော်ကြီးများ ထုံးနည်းအစဉ်အလာအတိုင်း သက်တော်ထင်ရှားရှိနေစဉ်ကာလအတွင်း စဉ်ဆက်မပြတ် လက်ရှိသံဃာ့အဖွဲ့အစည်း တာဝန်များကို ထမ်းဆောင်လျက် သာသနာ့သမိုင်းတွင် ဆက်လက်တည်ရှိနေမည်သာဖြစ်ပါသည် ဘုရား။

သင့်လျော်မှန်ကန်

မြို့နယ်သံဃနာယကအဖွဲ့၊ ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တို့တွင် ဗျတ္တပဋိဗလဖြစ်တော်မူသော သံဃနာယကအသစ်များ အစားထိုးဝင်ရောက် တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်ရာ သံဃနာယကအဟောင်းနှင့် အသစ်ပေါင်းကာ အားသစ်လောင်းဆောင်ရွက်ခြင်းဖြစ်၍ အခြေအနေ အချိန်အခါအရ သင့်လျော်မှန်ကန်ပါကြောင်းနှင့် နောက်ထပ် နည်းစနစ်အသစ်မပေါ်ပေါက်သမျှ ဆက်လက်ကျင့်သုံးနေရဦးမည်ဖြစ်ပါသည် ဘုရား။

သို့ပါသော်လည်း အထူးတင်ပြလျှောက်ထားလိုသည်မှာ ၂၅ရာခိုင်နှုန်းအရ အနားယူရာတွင် အတွေ့အကြုံရင့်ကျက်လျက် အရည်အချင်းပြည့်ဝသည့် အချို့သောဆရာတော်ကြီးများအား ဆက်လက်တာဝန်ပေးအပ်မည်ဆိုပါက သာသနာတော်အတွက် အားတက်စရာဖြစ်မည်ဟု ထင်မြင်ယူဆအပ်ပါသည် ဘုရား။ သို့ပါသောကြောင့် အဟောင်းအဟောင်းနေရာများတွင် အသစ်အသစ်များဖြင့် အစားထိုးရာ၌ ချို့ယွင်းအားနည်းမှုများ မရှိစေရန် အတွေ့အကြုံရင့်ကျက်၍ သာသနာတော်အတွက် အားထားရသော ဆရာတော်ကြီးအချို့ကို အထူးကိစ္စတစ်ရပ်အနေဖြင့် ပြန်လည်တာဝန်ပေးအပ်သင့်ပါကြောင်း အကြံပြုလျှောက်ထားအပ်ပါသည် ဘုရား။

ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဦးဆောင်မှုဖြင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် သာသနာတော် သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေး လုပ်ငန်းရပ်များကို အားသစ်ထပ်လောင်း စုပေါင်းကြိုးကုတ် အားထုတ်ဆောင်ရွက်ကြသည့်နည်းတူ နိုင်ငံတော်အစိုးရအမှုးရှိသော စေတနာဝင့်ဝါ သဒ္ဓါဆင့်လောင်း ပြည်သူအပေါင်း သူတော်ကောင်းတို့သည် ဆရာဒကာ ညီညာလက်တွဲ အားမာန်ခဲလျက် "သာသနာ့တာဝန် တို့တာဝန်"ဟူ၍ စိတ်စွဲကောင်းစွာ ဓမ္မာပစ္စယ နုဂ္ဂဟနှစ်ဖြာ မြတ်ဝန်တာကို သေချာရွှင်လန်း လှူဒါန်းပူဇော်ကြမည်သာဖြစ်ပါသည် ဘုရား။ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ထေရအရှင် ဆရာသခင်တို့၏ ဩဝါဒတော်များနှင့်အညီ ဓမ္မအာဏာစက်နှစ်ဖြာကို ဆရာဒကာ ညီညာလက်ဆင့် ကျွန်းနှင့်ကိုင်းမှီ ရှေ့သွားညီအောင် ကြိုးပမ်းဆောင်ရွက်ကြမည်သာ ဖြစ်ပါကြောင်း ရိုသေလေးမြတ်စွာ လျှောက်ထားရင်း ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ ဘုရား။ ။

သုံးခွမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

သုံးခွမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

စာရင်းပေးပို့

သက်ကြီးပူဇော်ပွဲတွင် အသက် (၇၅)နှစ်အထက် အသင်းဝင်များအား ပူဇော်မည်ဖြစ်ပြီး ၂၀၀၈-၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်သူ အသင်းဝင်သား သမီးများနှင့် နိုင်ငံတော်အဆင့် ပညာရေး၊ လူမှုရေး၊ စာပေ၊ အားကစား၊ ဂီတ၊ သဘင်၊ ရုပ်ရှင်စသည်တို့တွင် ထူးချွန်သူများ၊ ဂုဏ်ထူးဘွဲ့ထူးရရှိသူ အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများအား ဆုချီးမြှင့်နိုင်ရန် ဥက္ကဋ္ဌဦးမြသိန်း ဖုန်း-၆၆၁၃၇၇၉၊ ဦးစောလှိုင် လုကမ္ဘာ ပရိဘောဂ ဖုန်း-၂၉၁၃၁၁၊ ဦးအောင်သန်းစိုး ဖုန်း-၀၉-၅၁-၇၁၀၃၁၊ ဦးအောင်သန်း ဖုန်း-၀၉-၅၁-၀၁၉၉၈နှင့် နီးစပ်ရာအမှုဆောင်များထံ ဆက်သွယ်စာရင်းပေးပို့ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့ပရိဘောဂ ဒီဇိုင်းပြိုင်ပွဲ -၂၀၁၀ ရက်တိုးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းက မြန်မာ့ပရိဘောဂ ဒီဇိုင်းပြိုင်ပွဲ-၂၀၁၀ (Furniture Design by Myanmar Talents-2010 Design Contest)ကို ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲနောက်ဆုံးရက်ကို ဧပြီ ၁၈ရက်သို့ ရက်တိုးမြှင့်ထားပြီး ဆုပေးပွဲကို မြန်မာ့ပရိဘောဂပြပွဲ (နေပြည်တော်) ကျင်းပချိန် ဧပြီ ၃၀ရက်တွင် တစ်ပါတည်း ဆုချီးမြှင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ *(သတင်းစဉ်)*

ဖေဖော်ဝါရီ ၁ရက်က ရပ်စောက်မြို့သာယာလှပရေးအတွက် ရပ်စောက်မြို့အဝင် မြို့ဦးရပ်ကွက် ဗိုလ်ချုပ်လမ်းဘေး ဝဲ၊ ယာ မြေညှိခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှသောင်း ကွင်းဆင်းစစ်ဆေးရာ ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွန့်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အီရတ်-အာဖဂန် သတင်းများ

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၇

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဖေဖော်ဝါရီ ၁၇ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၀၂၈၇ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၄၆၁၂ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၀၂၈၇ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၄၆၁၂ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ကဘူးလ် ဖေဖော်ဝါရီ ၁၇

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဖေဖော်ဝါရီ ၁၇ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၅၈၈ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၈၈၉၆ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၅၈၈ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၈၈၉၆ ဦး

(အင်တာနက်)

ဗုံးဖောက်ခွဲ

ပါကစ္စတန်နိုင်ငံ ခိုင်ဘာဒေသ၌ အသေခံဗုံးဖောက်ခွဲပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

အာဖဂန်ဗုံးပေါက်ကွဲမှု ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

ကဘူးလ် ဖေဖော်ဝါရီ ၁၇

အာဖဂန်နစ္စတန် တောင်ပိုင်းဒေသတွင် အားပြင်းသည့် လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့ကြောင်း၊ ပြည်ပတပ်ဖွဲ့ဝင်များ သေဆုံးမှုမြင့်မားလာကြောင်း စသည်ဖြင့် အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ဟယ်လ်မန့်ပြည်နယ် ဆန်ဂျင်အရှေ့မြောက်ဒေသတွင် ခြေလျင်ကင်းလှည့်စဉ် လမ်းဘေးဗုံးပေါက်ကွဲသဖြင့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး ဖေဖော်ဝါရီ ၁၄ရက်၌ သေဆုံးခဲ့သည်ဟု ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ပစ်မှတ်ထား

၄င်းတပ်ဖွဲ့ဝင်သေဆုံးမှုသည် မော့ရှတာရက်စစ်ဆင်ရေးနှင့် ပတ်သက်ခြင်းမရှိဟု ဗြိတိန်တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ယင်းစစ်ဆင်ရေးသည် အာဖဂန်တောင်ပိုင်းရှိ တာလီဘန်ပြောက်ကျားများ၏ ခြေကုပ်စခန်းကို ပစ်မှတ်ထား ထိုးစစ်ဆင်ခြင်းဖြစ်သည်။ **(အင်တာနက်)**

အီရတ်၌ အကြမ်းဖက်တိုက်ခိုက် ၁၃ဦးသေဆုံး၊ ခုနစ်ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၇

အီရတ်နိုင်ငံမြောက်ပိုင်းဒေသနှင့် ဘဂ္ဂဒက်မြို့တော်တွင် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ၁၃ ဦးသေဆုံးပြီး အခြားခုနစ်ဦးဒဏ်ရာရရှိကြောင်း အင်တာနက် သတင်းအရ သိရသည်။

ဒဏ်ရာရရှိ

ဖေဖော်ဝါရီ ၁၄ရက်တွင် အမည်မသိသေနတ်သမားက ကယ်ကွတ်မြို့၌ မော်တော်ဆိုင်ကယ်စီးနင်းလာသည့် အရပ်သားနှစ်ဦးအား သေနတ်ဖြင့် ပစ်ခတ်ရာ တစ်ဦးသေဆုံးပြီး ကျန်တစ်ဦးဒဏ်ရာရရှိသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြောကြား

တစ်နေ့တည်းမှာပင် လူဦးရေထူထပ်သည့် ဆာဒါးမြို့ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ ပေါက်ကွဲမှုဖြစ်ပွားသဖြင့် အရပ်သားတစ်ဦးသေဆုံးပြီး အခြားအရပ်သားများ ဒဏ်ရာရရှိကြသည်ဟု ပြည်ထဲရေးဌာနက ပြောကြားသည်။

သေဆုံး

ဖေဖော်ဝါရီ ၁၄ ရက်တွင် အခြားဖြစ်ရပ်တစ်ခုမှာ ပြည်သူတစ်ဦး မိုဆူးလ်မြို့ရှိ ၄င်း၏နေအိမ်ရှေ့ရှိနေစဉ် အကြမ်းဖက်သမား၏ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သည်။

(အင်တာနက်)

လုံခြုံမှုကင်းမဲ့နေသော အီရတ်နိုင်ငံ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၇

အီရတ်နိုင်ငံရှိ မြို့ကြီးများ၌ ဖေဖော်ဝါရီ ၁၅ရက်က ဗုံးပေါက်ကွဲမှုများ အဆက်မပြတ် ဖြစ်ပေါ်ခဲ့သည်-

ဘဂ္ဂဒက်
- ၄င်းမြို့ရှိ ပါလီမန်ရွေးကောက်ပွဲ၌ ပါဝင်ကြမည့် အဖွဲ့အစည်းများ၏ ရုံးများ၌ ဖေဖော်ဝါရီ ၁၅ရက်က ဗုံးဖောက်ခွဲမှုများ ဆက်တိုက်ဖြစ်ပွားရာ ခုနစ်ဦးသေဆုံးကြောင်း ပြည်ထဲရေးဝန်ကြီးဌာန အကြီးအကဲက ပြောကြားသည်။
- ယင်းနေ့၌ပင် ဘဂ္ဂဒက်မြို့လယ်၌ ကားဗုံးပေါက်ကွဲမှု ထပ်မံဖြစ်ပွားရာ နှစ်ဦးဒဏ်ရာရရှိသည်။

တဲလ်အဖာ
- ဘဂ္ဂဒက်မြို့အနောက်မြောက်ဘက် ကီလိုမီတာ ၄၂၀ ရှိ ယင်းဒေသ၌ သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် အလောင်းတစ်လောင်းတွေ့ရှိရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မိုဆူးလ်
- ၄င်းမြို့အနောက်ပိုင်းရှိ ရဲတပ်ဖွဲ့ စစ်ဆေးရေးဂိတ်၌ သေနတ်သမားများ ပစ်ခတ်မှုကြောင့် ကလေးငယ်တစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသည်။
- အီရတ်ကင်းလှည့်တပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားကာ လမ်းဘေးဗုံးဖောက်ခွဲမှုကြောင့် အရပ်သားတစ်ဦးဒဏ်ရာရရှိသည်။
- မိုဆူးလ်မြို့ရှိ တရားရုံးအဆောက်အအုံအနီး၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး ၁၂ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှုအတွင်း ဒဏ်ရာရရှိသူ တစ်ဦးအား တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

အမေရိကန်မောင်းသူမဲ့လေယာဉ်မှပစ်ခတ်၍၊ ခုနစ်ဦးသေဆုံး

မီရန်ရှား ဖေဖော်ဝါရီ ၁၇

ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်ဒေသရှိ လေ့ကျင့်ရေးကွင်းဟုဆိုသော ကွင်းတစ်ကွင်းကို အမေရိကန်မောင်းသူမဲ့လေယာဉ်က ဒုံးကျည်ဖြင့်ပစ်ခတ်တိုက်ခိုက်သဖြင့် စစ်သွေးကြွများဟု မသင်္ကာသူခုနစ်ဦးထက်မနည်း သေဆုံးသွားသည်။

မီရာလီမြို့အနီး ဓောဘာဘာအိဒက်ကျေးရွာရှိ စစ်သွေးကြွများရှိရာ ခြံဝိုင်းတစ်ခုအတွင်းသို့ ဒုံးကျည်နှစ်စင်းကျရောက်ခဲ့ကြောင်း မြောက်ဝါဇီရစ္စတန်မြို့တော် မီရန်ရှား၌ ရုံးစိုက်ထားသည့် လုံခြုံရေးအရာရှိတစ်ဦးက ဖေဖော်ဝါရီ ၁၄ရက်တွင် ပြောကြားသည်။

သေဆုံး

အဆိုပါ အမေရိကန်မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုကြောင့် ငါးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားသည်ဟု အဆိုပါအရာရှိတစ်ဦးက ပြောကြားသည်။ နောက်ဆက်တွဲသတင်းများအရ ခုနစ်ဦးသေဆုံးသွားသည်ဟုဆိုသည်။

အသုံးပြု

ဒုံးကျည်ဖြင့် ပစ်ခတ်ခံရသည့် နေရာသည် အကြမ်းဖက်သမားများ စစ်ရေးပြကွင်းအဖြစ် အသုံးပြုသည့် နေရာဖြစ်သည်ဟု ဒေသဆိုင်ရာ အစိုးရအရာရှိတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

ဗြိတိန်နိုင်ငံသားတစ်ဦး ဂါဇာကမ်းမြောင်၌ အဖမ်းခံရ

ဂါဇာ ဖေဖော်ဝါရီ ၁၇

ဂါဇာကမ်းမြောင်ဒေသမှ ဟားမတ်စ်လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုင်ငံတော်လုံခြုံရေးဖောက်ဖျက်မှုဖြင့် ဗြိတိန်နိုင်ငံသားတစ်ဦးအား ဖမ်းဆီးလိုက်ကြောင်း အင်တာနက်သတင်းအရသိရသည်။

အဖမ်းခံရ

ဗြိတိသျှသတင်းစာဆရာ ပေါလ်မာတင် ဖေဖော်ဝါရီ ၁၄ရက်တွင် အဖမ်းခံရသည်ဟု ဟားမတ်စ်ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဂတ်ဆိန်ကပြောကြားသည်။

ဖောက်ဖျက်

ထိုဗြိတိသျှသတင်းစာဆရာသည် ပါလက်စတိုင်းဥပဒေနှင့် နိုင်ငံတော်လုံခြုံရေးကို ဖောက်ဖျက်ကြောင်း ဝန်ခံချက်ကို ဟားမတ်စ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ရရှိထားသည်ဟု ဂတ်ဆိန်ကပြောကြားသော်လည်း အသေးစိတ်ကို ဖော်ပြခြင်းမရှိပေ။

အတည်ပြု

ဂျေရုဆလင် အယ်လ်-ကက်ဒေသရှိ ဗြိတိန်ကောင်စစ်ဝန်ရုံးက ဖော်ပြပါဖမ်းဆီးခံရသည့် သတင်းမှာမှန်ကန်ကြောင်း အတည်ပြုပြောကြားသော်လည်း သတင်းစာဆရာဟုတ်မဟုတ်ကိုမူ အတည်ပြုပြောကြားခြင်းမရှိပေ။ **(အင်တာနက်)**

အာဖဂန်စစ်ဆင်ရေး၌ တာလီဘန်ခေါင်းဆောင်နှင့် အာရပ်တိုက်ခိုက်ရေးသမားများ သေဆုံး

ကန်ဒါဟာ ဖေဖော်ဝါရီ ၁၇

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန့်ပြည်နယ်တောင်ပိုင်းတွင် တာလီဘန်တို့ ခိုအောင်းရာ ဝါရီရာဒေသ၌ အာဖဂန်တပ်ဖွဲ့မှ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သဖြင့် တာလီဘန်ခေါင်းဆောင်နှင့် အာရပ်တိုက်ခိုက်ရေးသမားလေးဦးတို့ သေဆုံးခဲ့ကြောင်း ဖေဖော်ဝါရီ ၁၆ရက်တွင် ပြည်နယ်အုပ်ချုပ်ရေးမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ထုတ်ပြန်ကြေညာ

ယင်းထိုးစစ်ဆင်နွှဲမှုသည် ဖေဖော်ဝါရီ ၁၅ရက်ညပိုင်းက အဆိုပါဒေသရှိ တာလီဘန်စစ်သွေးကြွများအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ဆင်နွှဲ

အာဖဂန်နစ္စတန်၌ တာလီဘန်စစ်သွေးကြွများအား အပြီးသတ်ချေမှုန်းရေးအတွက် အာဖဂန်တပ်ဖွဲ့နှင့် နေတိုးဦးဆောင်သော တပ်ဖွဲ့တို့ ပူးပေါင်းကာ မာဂျာဒေသ၌လည်း တိုက်ပွဲများ ဆင်နွှဲလျက်ရှိသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ပေါ်တူဂီတပ်ဖွဲ့ဝင်များ အာဖဂန်သို့ ထပ်မံစေလွှတ်

လစ္စဘွန်း ဖေဖော်ဝါရီ ၁၇

ပေါ်တူဂီအစိုးရအနေဖြင့် ဖေဖော်ဝါရီ ၁၅ရက်တွင် အာဖဂန်နစ္စတန်သို့ တပ်ဖွဲ့ဝင် ၄၀ စေလွှတ်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ မိမိတို့သည် တပ်ဖွဲ့ဝင် ၁၂၀အထိ ထပ်မံစေလွှတ်ရန် စီစဉ်ထားသည်ဟု ပေါ်တူဂီစစ်ဦးစီးချုပ်က ထုတ်ဖော်ပြောကြားသည်။

တိုးမြှင့်စေလွှတ်

ပေါ်တူဂီအစိုးရသည် ၂၀၀၈ခုနှစ် အလယ်ပိုင်း၌ အာဖဂန်မှတပ်ဖွဲ့ဝင် ၁၀၀ အထိလျှော့ချခဲ့ပြီး ယခင်နှစ်အတွင်း၌ တပ်ဖွဲ့ဝင်များ တိုးမြှင့်စေလွှတ်ရန် ကတိပြုခဲ့သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဟားမတ်စ် ခေါင်းဆောင် သတ်သူများဖမ်းရန် ဒူဘိုင်းရဲတပ်ဖွဲ့က ဖမ်းဝရမ်းထုတ်

ဒူဘိုင်း ဖေဖော်ဝါရီ ၁၇

ဟားမတ်စ်ထိပ်တန်းခေါင်းဆောင်တစ်ဦးအား လွန်ခဲ့သည့်လအတွင်းက လုပ်ကြံသတ်ဖြတ်ခဲ့မှုဖြင့် သင်္ကာမကင်းဖြစ်သူ ဥရောပနိုင်ငံကူးလက်မှတ်များကိုင်ဆောင်ထားသည့် သူလျှို၁၁ဦးအား ဒူဘိုင်းရဲတပ်ဖွဲ့က ဖမ်းဝရမ်းထုတ်ပြန်ထားကြောင်း အင်တာနက်သတင်းတွင် ပါရှိသည်။

ဟားမတ်စ်ထိပ်တန်းခေါင်းဆောင် မာမွတ်အယ်လ်မာဘူမှာ ဒူဘိုင်းရှိဟိုတယ်တစ်ခုအတွင်း၌ ဇန်နဝါရီ ၂၀ရက်က သတ်ဖြတ်ခံခဲ့ရသည်။ ၎င်းသည် ပါလက်စတိုင်းအစ္စလာမ့်စ် လှုပ်ရှားမှုအဖွဲ့အတွက် လက်နက်များဝယ်ယူရန် ဒူဘိုင်းသို့ရောက်ရှိနေခြင်းဖြစ်ပြီး သတ်ဖြတ်သူများသည် အစ္စရေးသူလျှိုများဖြစ်သည်ဟုလည်း စွပ်စွဲလိုက်သည်။

ဒူဘိုင်းရဲတပ်ဖွဲ့က သင်္ကာမကင်းဖြစ်သူများအား မည်သူမည်ဝါဟုဖော်ပြခြင်းမရှိသော်လည်း တစ်ဦးမှာအမျိုးသမီးဖြစ်သည်ဟု ဆိုသည်။ (အင်တာနက်)

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ (၆)ကြိမ်မြောက် နိုင်ငံတကာ ကြည်းတပ်နှင့် ရေတပ်ကာကွယ်ရေးသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၆ရက်က ကျင်းပစဉ်။

(ဆင်ဟွာဓာတ်ပုံ)

မူးယစ်မှောင်ခို လေယာဉ်များ ဗင်နီဇွဲလားအစိုးရ သိမ်းဆည်းရမိ

ကရာကတ်စ် ဖေဖော်ဝါရီ ၁၇

ဗင်နီဇွဲလားအာဏာပိုင်များသည် ဂါရီကိုပြည်နယ်အလယ်ပိုင်း၌ မူးယစ်မှောင်ခိုသမားများပိုင်ဆိုင်သည်ဟု ယူဆရသော လေယာဉ်နှစ်ဒါဇင်ကျော်ကို ဖေဖော်ဝါရီ ၁၅ရက်က သိမ်းဆည်းလိုက်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ထိန်းသိမ်း

အဆိုပါလေယာဉ်များကို ကရာကတ်စ်ဒေသမှ ၁၄၃မိုင်ခန့်အကွာရှိ အယ်လ်ဆွမ်ဘရီရိုဆင်ခြေဖုံးရပ်ကွက်မှ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့နှင့် အမျိုးသားအစောင့်တပ်ဖွဲ့တို့က ယင်းလေယာဉ်များကို ထိန်းသိမ်းထားကြောင်း သိရသည်။

တင်သွင်း

ကိုလံဘီယာနှင့် နယ်နိမိတ်ထိစပ်နေသော ဗင်နီဇွဲလားနယ်စပ်သည် ကိုလံဘီယာမူးယစ်မှောင်ခိုသမားများအတွက် အမေရိကန်နှင့် ဥရောပသို့ မူးယစ်ဆေးဝါးမှောင်ခိုတင်သွင်းရာ အဓိကနေရာတစ်ခုဖြစ်သည်။ **(အင်တာနက်)**

အဆိပ်ငွေ့ ရှူမိသဖြင့် တရုတ်ကလေးငယ် ခြောက်ဦးသေဆုံး

ကူမင်း ဖေဖော်ဝါရီ ၁၇

တရုတ်နိုင်ငံ ယူနန်ပြည်နယ် စီကျန်းစီရင်စု၌ သတ္တုတူးဖော်ရေးလိုဏ်ဂူပျက်အတွင်း ဆော့ကစားရာမှ အဆိပ်ဓာတ်ငွေ့ ရှူမိသဖြင့် ကလေးငယ်ခြောက်ဦး သေဆုံးပြီး အခြားတစ်ဦးနာမကျန်းဖြစ်သွားကြောင်း တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၁၆ရက်တွင် ထုတ်ဖော်ပြောကြားသည်။

သေဆုံး

အဆိုပါကလေးငယ်များကို လိုဏ်ဂူပျက်အတွင်း မူးမေ့သတိလစ်နေစဉ်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး သုံးဦးမှာ နေရာ၌ပင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်းနှင့် အခြားလေးဦးကို ဆေးရုံသို့ ချက်ချင်းပို့ဆောင်ပေးရာ၌ သုံးဦးမှာ ပြန်လည်သတိမရတော့ဘဲ သေဆုံးသွားကြောင်း စီရင်စုဒေသန္တရအုပ်ချုပ်ရေးအဖွဲ့ အကြီးအကဲ စင်ကျန်းက ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ကမ္ဘာ့စီးပွားရေး ဒုတိယအကောင်းဆုံးနေရာ ဂျပန်နိုင်ငံ ဆက်လက်ထိန်းထားနိုင်ဆဲ

တိုကျို ဖေဖော်ဝါရီ ၁၇

ဂျပန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယမြောက် စီးပွားရေးအကောင်းဆုံးနိုင်ငံကြီးအဖြစ် ထိန်းသိမ်းထားနိုင်ဆဲဖြစ်သည်။ ဂျပန်နိုင်ငံ၏ စီးပွားရေးသည် ၂၀၀၉ခုနှစ် နောက်ဆုံးသုံးလပတ်ကာလတွင် ၁ဒသမ၁ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီး တစ်နှစ်လုံးတွင် ၄ဒသမ ၆ရာခိုင်နှုန်း တိုးလာခဲ့သည်ဟု ဖေဖော်ဝါရီ ၁၅ရက်ကထုတ်ပြန်သည့် ပဏာမနိုင်ငံတော်စာရင်းဇယားတွင် ဖော်ပြထားသည်။

ဖြည့်ဆည်း

ကမ္ဘာပေါ်တွင် ယင်းကဲ့သို့ ဒုတိယအကြီးဆုံး စီးပွားရေးနိုင်ငံကြီးအဖြစ် ရပ်တည်နေနိုင်ခြင်းသည် ပို့ကုန်ကဏ္ဍတွင် ဈေးကွက်ပြန်ကောင်းလာခြင်း၏ အထောက်အကူပြုမှုကြောင့်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းရာတွင် ကောင်းမွန်ခြင်းကြောင့်လည်းဖြစ်ကြောင်း သိရသည်။

နေရာယူနိုင်

ထိုစဉ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၂၀၀၉ခုနှစ်၌ စီးပွားရေးတိုးတက်မှုနှုန်း ၈ဒသမ၇ရာခိုင်နှုန်းရှိလာကာ ကမ္ဘာပေါ်တွင် ဒုတိယမြောက် စီးပွားရေးအကောင်းဆုံးနိုင်ငံအဖြစ် ရပ်တည်နေသည့် ဂျပန်နိုင်ငံ၏နေရာကိုယူနိုင်မည့် အနေအထားသို့ရောက်လာခဲ့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ယခု ၂၀၁၀ခုနှစ်ကုန်လျှင် ဂျပန်နိုင်ငံ၏နေရာကို ယူနိုင်မည်ဟု မျှော်လင့်ရသည်။ **(အင်တာနက်)**

အာဂျင်တီးနားနိုင်ငံ ဗျူနို့စ်အေရိစ်မြို့လေဆိပ်၌ မိုးသည်းထန်သဖြင့် ရေလွှမ်းမှု ဖြစ်ပေါ်နေသည်ကို ဖေဖော်ဝါရီ ၁၆ ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

မတရားအသင်းပီကေကေနှင့် ဆက်သွယ်သူများအား တူရကီအစိုးရ ဖမ်းဆီး

အန်ကာရာ ဖေဖော်ဝါရီ ၁၇

ကာဒစ္စတန်အလုပ်သမားပါတီ(ပီကေကေ)ခေါင်းဆောင် အဗ္ဗဒူလာအိုကာလန် အဖမ်းခံရသည့် (၁၁)နှစ်မြောက် နှစ်ပတ်လည်အချိန်နီးကပ်လာပြီဖြစ်သည့်အလျောက် တူရကီအစိုးရက မတရားအသင်းကြေညာထားသည့် ပီကေကေနှင့်ဆက်သွယ်မှုရှိသည်ဟူသောစွပ်စွဲချက်ဖြင့် ၈၆ဦးအား ဖမ်းဆီးလိုက်ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဖော်ပြ

တူရကီရဲတပ်ဖွဲ့က အရှေ့တောင်ပိုင်းပြည်နယ်များဖြစ်သည့် ဘက်မန်၊ ဟာကာရီ၊ မာဒင်၊ ဆလတ်၊ ဆာနက်၊ အက်ဂရီ၊ မက်စ်နှင့် အရှေ့ပိုင်းဒေသရှိ ဗင်၊ တောင်ပိုင်းဒေသရှိ အဒါနာနှင့်အစ္စတန်ဘူလ်မြို့တို့တွင် ဖမ်းဆီးခဲ့ကြခြင်းဖြစ်သည်ဟု အနာတိုလီယာသတင်းဌာနက ဖေဖော်ဝါရီ ၁၄ရက်တွင် ဖော်ပြသည်။

ဖမ်းဆီး

အိုကာလန်ဖမ်းဆီးမှု နှစ်ပတ်လည်အဖြစ် ဖေဖော်ဝါရီ ၁၅ရက်တွင် ဆန္ဒပြမှုမပေါ်ပေါက်စေရန် တားဆီးသည့်အနေဖြင့် ရဲတပ်ဖွဲ့က ထိုသို့ဖမ်းဆီးခြင်းဖြစ်သည်။ **(အင်တာနက်)**

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၁၇

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် ဖီးနစ်မြို့တွင် ဖေဖော်ဝါရီ ၁၄ရက်က ရဟတ်ယာဉ်တစ်စင်းပျက်ကျသဖြင့် သုံးဦးသေဆုံးသွားကြောင်း ဖက်ဒရယ်လေကြောင်းအုပ်ချုပ်မှုအဖွဲ့(အက်ဖ်အေအေ)က သတင်းထုတ်ပြန်သည်။

ပြောကြား

သေဆုံးသူများတွင် ကလေးငယ်တစ်ဦးပါဝင်ကြောင်း အက်ဖ်အေအေမှ ပြောခွင့်ရပုဂ္ဂိုလ် အီယန်ဂရေဂေါက ပြောကြားသည်။

အရီဇိုးနားပြည်နယ် ဖီးနစ်ဒေသတွင် ရဟတ်ယာဉ်ပျက်ကျ သုံးဦးသေဆုံး

ယူရိုကော်ပတာအီးစီ-၁၃၅ အမျိုးအစား အဆိုပါရဟတ်ယာဉ်သည် ကိပ်ဂရိခ်ဟု လူသိများသော ကျေးလက်ဒေသတစ်ခုတွင် ယင်းနေ့ညနေ ၃နာရီက ပျက်ကျခဲ့ခြင်းဖြစ်သည်ဟုလည်း ဂရေဂေါက ပြောကြားသည်။

အက်ဖ်အေအေက ရဟတ်ယာဉ်ပျက်ကျရာဒေသသို့ စုံစမ်းရေးအဖွဲ့တစ်ဖွဲ့ စေလွှတ်ထားသည်ဟုလည်း သိရသည်။

ရဟတ်ယာဉ်ပျက်ကျရခြင်းနှင့်ပတ်သက်၍လည်း ယခုထိ မသိရသေးဘဲရှိနေကြောင်း သတင်းရရှိသည်။ **(အင်တာနက်)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

နီပေါသမ္မတ အိန္ဒိယနိုင်ငံသို့ ခရီးထွက်ခွာ

နီပေါသမ္မတ ရမ်ဘာရန်ယာဒက်သည် အိန္ဒိယသမ္မတ ပရာတီဘာဒေဗီဆင်းပတေး၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ ဖေဖော်ဝါရီ ၁၅ရက်က ထွက်ခွာသွားသည်။ နီပေါသမ္မတနှင့်အတူ အဖွဲ့ဝင် ၂၇ဦးလိုက်ပါသွားပြီး အိန္ဒိယသမ္မတနှင့် ဖေဖော်ဝါရီ ၁၆ရက်က တွေ့ဆုံဆွေးနွေးကြောင်းသိရသည်။ နှစ်နိုင်ငံသဘောတူညီချက်အများအပြားကိုလည်း လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည်ဟုလည်း သတင်းရရှိသည်။

ဖိလစ်ပိုင်၌ အမြင့်ဆုံး အမျိုးသားသိပ္ပံပညာရှင်ဘွဲ့ ချီးမြှင့်

ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမကာပါဂါးအာရိုယိုသည် ဒေါက်တာအာနက်စတိုဒိုမင်ဂိုနှင့် ကမ္ဘာကျော် ဖွားသေစာရင်းကျွမ်းကျင်သူပညာရှင် ဒေါက်တာမာစီဒီးဘာရက်တိုကွန်ဆက်စီယန်တို့အား ဖိလစ်ပိုင်အစိုးရက ပေးအပ်သော ဖိလစ်ပိုင်နိုင်ငံ၏ အမြင့်ဆုံး အမျိုးသားသိပ္ပံပညာရှင်ဘွဲ့ကို ဖေဖော်ဝါရီ ၁၅ရက်က ချီးမြှင့်လိုက်သည်။

ဟောင်ကောင်လေဆိပ်၌ ကုန်သွယ်မှုပမာဏမြင့်တက်

ဟောင်ကောင် နိုင်ငံတကာလေဆိပ် (အိပ်ချ်ကေအိုင်အေ)တွင် လေယာဉ်တင်ကုန်ပစ္စည်းပမာဏသည် ပြန်လည်မြင့်တက်လာပြီဖြစ်ကြောင်း၊ ယင်းဟောင်ကောင်နိုင်ငံတကာလေဆိပ်သည် ၂၀၁၀ ခုနှစ် ဇန်နဝါရီလတွင် လေယာဉ်တင်ကုန်ပစ္စည်းပမာဏတန်ချိန် ၃၀၁၀၀၀ကို ကိုင်တွယ်ဆောင်ရွက်ပေးခဲ့ရကြောင်း၊ ထိုပမာဏသည် ၂၀၀၉ခုနှစ် ဇန်နဝါရီလကထက် ၄၃ ဒသမ ၃ ရာခိုင်နှုန်းတိုးလာခြင်းဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၆ရက်က ထုတ်ပြန်သည့် တရားဝင်စာရင်းဇယားများအရ သိရသည်။

တောမီးလောင်၍ ယူနန်တွင် သစ်တောလုပ်သားသုံးဦးသေဆုံး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်တွင် ဖေဖော်ဝါရီ ၁၆ရက်က တောမီးလောင်ကျွမ်းသဖြင့် လူ ၃၀၀ခန့်က မီးငြိမ်းသတ်ရန် ကြိုးပမ်းနေစဉ် သစ်တောလုပ်သားသုံးဦး သေဆုံးသွားကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ဖေဖော်ဝါရီ ၁၇ရက်၌ ပြောကြားသည်။ **(အောက်ပုံ)**



တုပ်ကွေးရောဂါကာကွယ်ဆေး ပနားမားစောင့်မျှော်နေ

ပနားမားနိုင်ငံသည် ဖေဖော်ဝါရီလကုန်ပိုင်းတွင် ရောက်ရှိလာမည့် A(H1N1) တုပ်ကွေးရောဂါကာကွယ်ဆေးအလုံး ၂၀၀၀၀၀ ကို စောင့်မျှော်နေကြောင်း ပနားမားကျန်းမာရေးဝန်ကြီးဌာနမှ ကူးစက်ရောဂါကာကွယ်ရေးဌာနခွဲ အကြီးအကဲ ဂလာဒီဝိုရေရိုက ဖေဖော်ဝါရီ ၁၆ရက်၌ပြောကြားသည်။

ဓာတုဗေဒပစ္စည်းယိုစိမ့်မှု ဖိလစ်ပိုင်၌ သုံးဦးသေဆုံး

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း လူဇွန်ကျွန်းတောင်ပိုင်းရှိ ဘာတန်ဂါပြည်နယ်ဆိပ်ခံတံတား၌ ဆိုက်ကပ်ထားသော ဝမ်းပြားရေယာဉ်တစ်စင်းမှ ဓာတုဗေဒပစ္စည်းများယိုစိမ့်သဖြင့် အလုပ်သမားသုံးဦးထက်မနည်း သေဆုံးပြီး သုံးဦးဆေးရုံတင်ရကာ ဒေသခံပြည်သူ ၂၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ပို့လိုက်ရသည်။

မိုဘိုင်းလ်ဆက်သွယ်ရေးပွံ့ဖြိုးမှုကြောင့် လူနေမှုဘဝပြောင်းလဲ

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် မိုဘိုင်းလ်ဖုန်း ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာခြင်းသည် ပြည်သူများ၏လူနေမှုဘဝနှင့် လုပ်ငန်းခွင်အနေအထားကိုပိုမိုကောင်းမွန်အောင် ပြောင်းလဲသွားစေကြောင်း၊ မိုဘိုင်းလ်ဖုန်းကို အသုံးပြုခြင်းအားဖြင့် အလုပ်တွင်ကျယ်စေကြောင်း၊ သတင်းစာဖတ်နိုင်ကြောင်း၊ ရုပ်မြင်သံကြားအစီအစဉ်ကို မပြတ်ကြည့်ရှုနိုင်ကြောင်း၊ အီးမေးလ်ကိုစစ်ဆေးနိုင်ကြောင်း၊ နေ့စဉ်ဘဝကိုဆောင်ရွက်နိုင်ကြောင်းဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ဆက်သွယ်ရေးလုပ်ငန်းမှအကြီးအကဲက ပြောကြားသည်။

ရုရှားလေယာဉ်တင်သင်္ဘော အိန္ဒိယသို့ပို့ပေးမည်

ရုရှားနိုင်ငံသည် ၂၀၁၂ခုနှစ်ကုန်ပိုင်းတွင် အိန္ဒိယနိုင်ငံသို့ အက်ဒ်မေရယ်ဂေါ်ရှကော့အမည်ရှိ လေယာဉ်တင်သင်္ဘောကို ပို့ပေးမည်ဖြစ်ကြောင်း ရုရှားနိုင်ငံစစ်ရေးနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဌာန ဒုတိယအကြီးအကဲက ဖေဖော်ဝါရီ ၁၆ရက်၌ ပြောကြားသည်။

အီတလီတောင်ပိုင်း၌ မြေပြို၍ လူများဘေးလွတ်ရာရွှေ့ပြောင်း

အီတလီနိုင်ငံတောင်ပိုင်း မြို့တစ်မြို့ဖြစ်သော မိုင်ရာတိုမြို့၌ မြေပြိုမှုဖြစ်ပွားသဖြင့် ထိုမြို့တွင် နေထိုင်ကြသည့် မြို့သူမြို့သားများကို ဖေဖော်ဝါရီ ၁၆ရက်က ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း အီတလီအစိုးရမီဒီယာတွင် ဖော်ပြသည်။

(အင်တာနက်)



ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်ပွဲ

တိုင်းမှူးဗိုလ်ချုပ်မြင့်စိုး တက်ရောက်ချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးသည် ဖေဖော်ဝါရီ ၉ရက်က (၆၃) နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့နယ် သာစည်ကျေးရွာ၌ကျင်းပသည့် သာစည်-ကျောင်းကုန်းကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ **(ဝဲအပေါ်ပုံ)** မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးက ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်း ဖောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး ကျေးရွာပြည်သူများကိုယ်စား ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အစီအစဉ်အရ ကိုယ့်အားကိုယ်ကိုးကျောက်ချောလမ်းကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် လမ်းကော်မတီအဖွဲ့ဝင်တစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့်ဧည့်သည်တော်များသည် လမ်းဖွင့်ပွဲအထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံရိုက်ကြကာ အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ သာစည်-ကျောင်းကုန်းကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ကျေးလက်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၈-၂-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အင်္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၅ ၇။ အကပဒေသာ
၈:၃၅ ၈။ နှောင်းနှောင်းတ
၈:၄၀ ၉။ International News
၈:၅၀ ၁၀။ တေးဂီတအစီအစဉ်
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၄:၂၅ ၃။ တေးဂီတအစီအစဉ်
၄:၃၅ ၄။ စိတ်လက်ပန်းဖြေ နေပြည်တော် ရေပန်းဥယျာဉ်
၄:၄၅ ၅။ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ရူပဗေဒဘာသာရပ်)
၅:၂၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၃၀ ၇။ သုံးပင်နှစ်ဆယ်
၅:၄၅ ၈။ အကပြိုင်ပွဲ
၅:၅၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ပျော်ရွှင်စေသောနေ့ရက်များ **ဈေးသည်** (အပိုင်း-၁၃) မိုးမိုး၊ သူရလင်း၊ သဇင်၊ မေမျိုးသင်း (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၃၅ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ** (အပိုင်း-၁၁)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (စတီရီယိုတေးသံရှင်များ)
၁၇။ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(ပဲခူးတိုင်း)
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကိုယ်ရံတော်** (အပိုင်း-၁၈)
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၂၂)
၂၂။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ရည်မှန်းချက်များ အောင်မြင်စွာဖော်ဆောင် တပ်ဖွဲ့၏ဂုဏ်သိက္ခာ ထိန်းသိမ်းကြပ်မတ် ကျင့်ကြံနေထိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၄နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဒုတိယရဲချုပ်နှင့် ရဲအရာရှိကြီးများ၊ ပြည်နယ်၊ တိုင်း တပ်ရင်းတပ်ဖွဲ့မှူးများ၊ ရဲလေ့ကျင့်ရေးသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်မောင်ဦးက ဝန်ထမ်းများအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက် တာဝန်(၄)ရပ်အပေါ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အလေးထားကြိုးပမ်း ဆောင်ရွက်ကြရန်၊ တပ်ဖွဲ့ဝင်များအချင်းချင်း စည်းလုံးညီညွတ်မှု ပိုမိုတိုးတက် ခိုင်မာအောင် တည်ဆောက်ကြရန်၊ အဂတိတရား ကင်းရှင်း၍ လောဘ၊ ဒေါသ၊ မောဟကိုထိန်းသိမ်းပြီး မိမိနှင့်တကွ တပ်ဖွဲ့၏ဂုဏ်သိက္ခာအတွက် ထိန်းသိမ်းကြပ်မတ် ကျင့်ကြံနေထိုင် ကြိုးစားဆောင်ရွက်သွားကြရန် စသည်ဖြင့် မှာကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ ရဲအရာရှိကြီးများ၊ ပြည်နယ်နှင့်တိုင်း ရဲတပ်ဖွဲ့မှူးများ၊ တပ်ရင်းတပ်ဖွဲ့မှ တပ်ဖွဲ့မှူးများနှင့် ရဲလေ့ကျင့်ရေးကျောင်းများမှ ကျောင်းအုပ်ကြီးများက ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က လိုအပ်သည်များ ရှင်းလင်းဆွေးနွေးမှာကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၅ရက်မှ ၁၇ရက်အထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံစာကြည့်တိုက်ပညာ သင်တန်းသားများ ကျေးရွာစာကြည့်တိုက် ဖွံ့ဖြိုးရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော် အခြေခံစာကြည့်တိုက်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၁၀)မှ သင်တန်းသားများ ဖြစ်ကြသည့် ဒေါ်သန္တာဦး(အကြီးတန်းစာရေး)၊ ဒေါ်လင်းသွယ်သွယ်ဦး (စာထောက်-၃)၊ဒေါ်ကြည်ကြည်ခိုင်(ရုပ်သံ-၃)၊ဒေါ်သင်းသင်းမော်(စာထောက်-၃)၊ ဦးမြင့်ရွှေ (စာထောက် -၃)တို့ပါဝင်သည့် အဖွဲ့အမှတ်(၃)သည် ကြီးကြပ်သူဆရာမဒေါ်မြင့်မြင့်ကြည် လိုက်ပါလျက် နေပြည်တော်ပျဉ်းမနားမြို့နယ် ငကောင်းကံကျေးရွာအုပ်စု ဇီးကုန်းကျေးရွာ ပညာအလင်းသစ် စာကြည့်တိုက်သို့ ဖေဖော်ဝါရီ ၉ရက်မှ ၁၁ရက်အထိ ညအိပ်ကွင်းဆင်းကာ စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော စာကြည့်တိုက် အင်္ဂါရပ်နှင့်အညီ စနစ်တကျရှိရေး မှတ်ပုံတင်စာရင်းသွင်းခြင်း၊ မျိုးတူစုခွဲခြင်း၊ စာငှားကတ်စနစ် ကျင့်သုံးခြင်း၊ စာကြည့်တိုက်လုပ်ငန်း သင်ကြားပြသခြင်းများ၊ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်း ပြုလုပ်ခြင်း၊ ဟောပြောပွဲကျင်းပခြင်း၊ နံရံကပ်စာစောင်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စိုက်ထူ

ထို့အပြင် အဆိုပါသင်တန်းသားများသည် ကျေးရွာစာကြည့်တိုက်ဖွံ့ဖြိုးရေးအတွက် ဇီးကုန်းကျေးရွာ စေတနာရှင်ပြည်သူများထံမှ ထည့်ဝင်လှူဒါန်းငွေကျပ် ၁၀၇၇၀၀ကို ပညာအလင်းသစ် စာကြည့်တိုက် စာအုပ်စာစောင်တိုးပွားရေး ငွေပဒေသာပင်အဖြစ် စိုက်ထူလှူဒါန်းခဲ့ကြကြောင်း သိရသည်။ ***(ခရိုင် ပြန်/ဆက်)***

ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း အတိုင်ပင်ခံလုပ်ငန်း

ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

အမှတ် (၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ဆွစ်ဇာလန်နိုင်ငံ Colenco Power Engineering Ltd. (CPE) တို့ ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း အတိုင်ပင်ခံလုပ်ငန်းအတွက်ချုပ်ဆိုသည့် ကန်ထရိုက်စာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

တက်ရောက်

အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ဆွစ်ဇာလန်နိုင်ငံ Colenco Power Engineering Ltd. (CPE)နှင့် အောင်ပြည်တန် ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အခမ်းအနားတွင် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်နှင့် ဆွစ်ဇာလန်နိုင်ငံ Colenco Power Engineering Ltd. (CPE) မှ Executive Vice President Mr. Jean Francois Belin တို့က ကန်ထရိုက်စာချုပ်များကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော နှင်းဆီလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၈၃)

နိုင်ငံတကာစာပို့တံဆိပ်ခေါင်း ဖိတ်ခေါ်ဒီဇိုင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဆုဆွတ်ခူးရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ကိုရီးယားသမ္မတနိုင်ငံ စာပို့တိုက်ဌာန (Korea Post) ၏ အစီအစဉ်ဖြင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ကြီးမှူးကျင်းပခဲ့သည့် ၂၀၁၀ ခုနှစ် နိုင်ငံတကာစာပို့တံဆိပ်ခေါင်း ဖိတ်ခေါ်ဒီဇိုင်းပြိုင်ပွဲ (Visit Korea Year) နိုင်ငံတကာအဆင့် ဆုရရှိသူများစာရင်းကို ကိုရီးယားသမ္မတနိုင်ငံ စာပို့တိုက်ဌာနက ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာနိုင်ငံမှ အကြီးတန်း ပြိုင်ပွဲတွင် မချိုဇော်အောင် (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)က ထူးချွန်ဆုရရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန် အဝေးသင်တက္ကသိုလ်တွင် ၁၉၉၃-၁၉၉၄မှ ၂၀၀၁-၂၀၀၂ခုနှစ်အထိ ဥပဒေပညာ သင်ကြားခဲ့သော ကျောင်းသားကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီး စည်ပင်သာယာရေးကော်မတီ ခမ်းမရုံ၌ ဖေဖော်ဝါရီ၂၈ရက် အစား ပြေ ၄ရက် နံနက် ၁၀နာရီတွင် ပြောင်းလဲကျင်းပမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ဦးနိုင်ဝင်း (EC) ဌာနခွဲမှူး၊ ထုတ်လုပ်ရေး၊ ရန်ကုန် အဝေးသင်တက္ကသိုလ် ဖုန်း-၀၉-၈၆-၂၆၂၈၀၊ ဦးမောင်မောင်ဝေ ဖုန်း-၀၉-၅၁-၀၆၈၄၀၊ ၂၄၅၇၈၄၊ ဦးကျော်ဇာနည်ဦး ဖုန်း-၀၉-၅၁-၆၇၃၄၂၊ ဦးအေးမောင် ဖုန်း-၅၄၄၇၂၅၊ ဦးဇော်ဝင်းနိုင် ဖုန်း-၀၉-၂၀-၁၆၉၉၈၊ ဦးသက်ဆွေဦး ဖုန်း-၃၈၂၉၇၄၊ ဦးထွန်းအောင် ဖုန်း-၀၉-၅၀-၅၄၃၆၆၊ ဦးမျိုးလွင် ဖုန်း-၀၉-၅၁-၆၈၀၄၂၊ ဦးဝင်းထိုက် ဖုန်း-၀၉-၅၁-၀၄၀၅၅၊ ဦးမိုးညီထွတ် ဖုန်း-၀၉-၅၀- ၆၂၀၄၄၊ ဒေါ်ဘောဇီသိန်း ဖုန်း-၀၉-၉၉-၂၁၁၃၃၊ ဒေါ်မေရီစိုးဦး ဖုန်း-၀၉-၅၀-၅၇၇၁၄၊ ဒေါ်လေးလေးဝါး ဖုန်း-၀၉-၅၀-၆၆၃၇၅၊ ဒေါ်ခိုင်သန္တာထွန်းဖုန်း-၀၉-၅၃-၆၆၂၃၃၊ ဒေါ်ထားနွယ်ခင်ဖုန်း -၀၉-၅၁-၂၀၃၄၂နှင့် ဒေါ်ဆွေဆွေမြင့် ဖုန်း-၃၈၂၅၆၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

● *ကျော့ဖုံးမှ*

သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက် ပန်းမန်ပြပွဲပြိုင်ပွဲကို အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ဖွင့်လှစ်ပေးခဲ့ပြီး ပြကွက်များနှင့် ပြခန်းများအားလုံးကို စိတ်ဝင်တစား လိုက်လံကြည့်ရှုအားပေးခဲ့သည်ကို မြင်တွေ့ခဲ့ရသည်။ ကျွန်တော်သည်လည်း တစ်နှစ်နှင့်တစ်နှစ် မတူကွဲပြားစွာ နှစ်စဉ်ကျင်းပပေးနေသည့် ပြပွဲပြိုင်ပွဲအကြောင်းကို စိတ်ဝင်စားမိရင်း ပြပွဲပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးစိုးပိုင်အား မေးမြန်းကြည့်ရာ "အခုပြပွဲပြိုင်ပွဲက ဒုတိယအကြိမ်ဖြစ်ပါတယ်။ ပြပွဲပြိုင်ပွဲမှာ ကဏ္ဍခြောက်ခုခွဲထားပါတယ်။ အဲဒီကဏ္ဍတွေကတော့ သစ်သီးဝလံပြိုင်ပွဲ၊ ဟင်းသီးဟင်းရွက်ပြိုင်ပွဲ၊ ပန်းမန်ပြိုင်ပွဲ၊ အထူးအံ့ဩဖွယ်ရာပြိုင်ပွဲ၊ ပန်းအလှပြုပြင် ပြိုင်ပွဲနဲ့ စိုက်ခင်းပြကွက် ပြိုင်ပွဲတို့ဖြစ်ပါတယ်။ ချီးမြှင့်မယ့် ဆုအမျိုးအစားတွေကတော့ ပထမဆု၊ ဒုတိယဆုနဲ့တတိယဆုတွေအပြင် အထူးဆုတွေကိုလည်း ချီးမြှင့်ပေးသွားမှာပါ။ ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် မြို့နယ် ၁၇မြို့နယ်ကို ဖိတ်ခေါ်ခဲ့ပါတယ်။ ဒီပြိုင်ပွဲကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ အရည်အသွေးမြင့်မားတဲ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နဲ့ ပန်းမန်တွေကို ပိုမိုစိုက်ပျိုးထုတ်လုပ်လာနိုင်စေရန်၊ ဈေးကွက်သစ်များဖြစ်ပေါ်လာစေရန်၊ ကုန်စည်ဒိုင်များဖြစ်ပေါ်လာစေရန်နဲ့ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများနှင့် ပုဂ္ဂလိကများ အကျိုးစီးပွားဖြစ်ထွန်းလာစေရန်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျင်းပရခြင်းဖြစ်ပါတယ်" ဟု ရှင်းပြသည်။

"ပြပွဲ ပြိုင်ပွဲကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ အရည်အသွေးမြင့်မားတဲ့ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နဲ့ ပန်းမန်တွေကို ပိုမိုစိုက်ပျိုးထုတ်လုပ်လာနိုင်စေရန် ရည်ရွယ်ပါတယ်"
ဦးစိုးပိုင်
တွဲဖက်အတွင်းရေးမှူး
ကျင်းပရေးဦးစီးကော်မတီ။

"ကျွန်မတို့ သစ်သီးဝလံပြပွဲ ပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်တွေ ပါဝင်ယှဉ်ပြိုင်နိုင်စေဖို့အတွက် ပဉ္စဝတီအက်ဖ်အမ်ကနေ ကြော်ငြာထားပါတယ်"
ဒေါ်စောတင်
တာဝန်ခံ
သစ်သီးဝလံပြိုင်ပွဲကဏ္ဍ။

"ကျွန်မ အရင်က ပန်းကို ဝါသနာအရ စိုက်ပျိုးရင်းနဲ့ စီးပွားဖြစ်စိုက်ပျိုး ဖြစ်သွားတာပါ"
ဒေါ်လှလှအေး
မြောက်စံပြရပ်ကွက်
စစ်တွေမြို့။

"ဒီလို ပြည်ထောင်စုနေ့ အခမ်းအနားကြီးမှာ အခုလိုပြပွဲ ပြိုင်ပွဲကြီး ပြုလုပ်ပေးတဲ့အတွက် တိုင်းရင်းသားတွေ အချင်းချင်းလည်း တစ်ဦးနဲ့တစ်ဦး ပိုမိုချစ်ခင်ရင်းနှီးလာကြပါတယ်"
မလှဲ့လှဲ့ငြိမ်းနှင့်အဖွဲ့
ဘောက်သီးစုရပ်ကွက်
စစ်တွေမြို့။

အုန်းသီးတစ်လုံးမှ အပင်နှစ်ပင်ထွက်ရှိနေတာလည်း ထူးဆန်းအံ့ဩဖွယ်ရာ….။ (သတင်းစဉ်)

သစ်သီးဝလံပြခန်းကို ဝင်လိုက်သည်နှင့် တစ်ပြိုင်တည်းတွင် အသီးများ အရွယ်တူညီစွာသီးနေသည့် အုန်းခိုင်ကြီးများက ဝင်ရောက်ကြည့်ရှုသူများကို ဆွဲဆောင်နေသည်။ ဒါ့အပြင် စပျစ်သီးတွဲများပမာ သီးအားကောင်းစွာ ပြွတ်သိပ်သီးနေသည့် ကွမ်းသီးခိုင်များကလည်း မျက်စိထဲက မထွက်၊ အခြားအသီးများဖြစ်သည့် ပိန္နဲသီး၊ ကျွဲကောသီး၊ နာနတ်သီး၊ ငှက်ပျောသီး၊ ဆီးသီး၊ သခွားသီး၊ သဘော်သီး၊ လိမ္မော်သီး၊ ဖရဲသီး၊ သံပရာသီး၊ ရှောက်သီး၊ ဩဇာသီးများ၏ ကြီးမားဖွံ့ထွားလှသည့် မြင်ကွင်းများကလည်း မြင်ရသူများအဖို့ကြည့်မဝ၊ ထို့အတွက်ကြောင့် သစ်သီးဝလံပြိုင်ပွဲကဏ္ဍ၌ တာဝန်ယူ ဆောင်ရွက်ပေးနေသော ဒေါ်စောတင်အား မေးမြန်းကြည့်ရာ "အခု သစ်သီးဝလံ ပြပွဲပြိုင်ပွဲမှာ ပြိုင်ပွဲဝင်တွေ ပါဝင်ယှဉ်ပြိုင်နိုင်စေဖို့အတွက် ပဉ္စဝတီ အက်ဖ်အမ်ကနေ ကြော်ငြာပေးပါတယ်။ ပြိုင်ပွဲဝင် တော်တော်များများ ပါဝင်ယှဉ်ပြိုင်ကြပါတယ်။ အသီးအနှံပြိုင်ပွဲက အခုတွေ့မြင်နေရတဲ့ အတိုင်းပါပဲ၊ ဆုတွေကိုလည်း ပထမ၊ ဒုတိယနဲ့ တတိယအပြင် အထူးဆုတွေကိုလည်း ပေးသွားပါမယ်"ဟု ပြောပြသည်။

သစ်သီးဝလံပြကွက်နှင့် တွဲဖက်၍ ပြသထားသော ဟင်းသီးဟင်းရွက်ပြကွက်၌လည်း ရှည်လျားလှသော ဘူးသီးအရှည်မျိုးကြီးများ၊ ကြီးမားလှသော မုန်လာဥကြီးများ၊ ကြက်ဟင်းခါးသီးများအပြင် စားချင်စဖွယ် ပြင်ဆင်ပြသထားသော ဟင်းသီးဟင်းရွက်ပင်များကလည်း နှစ်ခြိုက်ဖွယ်ရာ ပြကွက်ဖြစ်သည်။ ထူးခြားစွာ သီးအားကောင်းနေသော ငရုတ်ရှည်ပင်ကြီးများနှင့် မိမိတို့အိမ်၌ စိုက်ပျိုးထားသော အပင်များမှ ထူးခြားစွာ ပွင့်လန်းသီးထွားလာသော အပင်များကိုလည်း လာရောက်ပြသ ပြိုင်ပွဲဝင်ကြသည်ကိုတွေ့ရသည်။ ပြိုင်ပွဲပြခန်းများကို စိတ်ဝင်စားစွာ ဝင်ရောက်ကြည့်ရှုနေကြသော ဘောက်သီးစုရပ်ကွက်မှ ရခိုင်သွေးချင်းသမီးငယ် မလှဲ့လှဲ့ငြိမ်းနှင့် အဖွဲ့ကလည်း "သမီးတို့ ဒီပြပွဲပြိုင်ပွဲကို အလွန်စိတ်ဝင်စားပါတယ်။ မမြင်ဖူးတဲ့ အသီးအနှံတွေကို ထူးခြားအံ့ဩစွာ တွေ့ရတဲ့အတွက် ဗဟုသုတရပါတယ်။ ဒါ့ကြောင့် အခမ်းအနားကို လာတက်ရင်း မပြန်သေးဘဲ လာကြည့်တာပါ။ နှစ်တိုင်းလာကြည့်ပါတယ်။ သမီးတို့လည်း အပင်စိုက်ပါတယ်။ အခုလို ကိုယ့်ဒေသက အပင်တွေမှာ အသီးအကြီးကြီးတွေသီးတာ တွေ့ရတော့ဝမ်းလည်းသာပါတယ်၊ ပျော်လည်း ပျော်ပါတယ်။ နောက်ပြီး ဒီလိုပြည်ထောင်စုနေ့ အခမ်းအနားကြီးမှာ အခုလိုပြပွဲပြိုင်ပွဲကြီး ပြုလုပ်ပေးတဲ့အတွက် တိုင်းရင်းသားတွေ အချင်းချင်းလည်း တစ်ဦးနဲ့တစ်ဦး ပိုမိုချစ်ခင်ရင်းနှီးလာကြတယ်လို့ ထင်ပါတယ်"ဟု ၄င်းတို့၏အမြင်ကို ပြောပြသည်။

ဝန်ကြီးဌာနပြခန်းများကလည်း ဒေသခံပြည်သူများအတွက် စိတ်ဝင်စားဖွယ်ရာ ခင်းကျင်းပြသထားသည်။ (သတင်းစဉ်)

စီးပွားဖြစ်စိုက်ပျိုး

ထို့အပြင် ပန်းမန်ပြိုင်ပွဲ၌ နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်နေသော မြောက်စံပြရပ်ကွက်မှ ဒေါ်လှလှအေးကလည်း သူပြိုင်ပွဲဝင်ဖြစ်ပုံနှင့် ဝါသနာကို ပြောပြရာတွင် "ကျွန်မ နှစ်တိုင်းပြိုင်ပါတယ်။ ကျွန်မအရင်က ပန်းကို ဝါသနာအရ စိုက်ပျိုးရင်းနဲ့ စီးပွားဖြစ်စိုက်ပျိုးဖြစ်သွားတာပါ။ မျိုးကတော့ ပြည်တွင်း ပြည်ပမျိုး အကုန်စိုက်ပါတယ်။ ကျွန်မရဲ့ ပန်းလှလှလေးတွေကို လူအများမြင်စေချင်တဲ့ဆန္ဒနဲ့ ဒီပြပွဲပြိုင်ပွဲကို ဝင်ဖြစ်တာပါ။ မနှစ်ကတော့ နှင်းဆီနီနဲ့ ပထမရခဲ့ပါတယ်။ ဒီနှစ်ကို သစ်ခွ၊ နှင်းဆီ၊ ဂန္ဓမာ၊ ရခိုင်သဇင်တို့ ဝင်ပြိုင်ပါတယ်။ ဘယ်အပင် ဘယ်ဆုရမယ်ဆိုတာတော့ မမှန်းရဲပါဘူး။ တစ်ခုခုတော့ ရမယ်လို့ ထင်ပါတယ်။ အခု ကျွန်မဆယ့်နှစ်ရာသီ ပွင့်တဲ့ ကံ့ကော်အပြင် ရွှေသပြေနဲ့ ကျောက်ခတ်ရွက်လှတွေကိုလည်း စိုက်ပျိုးနေပါတယ်"ဟု သူ၏ ပြိုင်ပွဲဝင်ဖြစ်ပုံကို ပြောပြသည်။

ပြပွဲ ပြိုင်ပွဲများအပြင် ဌာနဆိုင်ရာ ပြခန်းများ၊ ရခိုင်ရိုးရာ လုံချည်ရက်လုပ် ပြိုင်ပွဲ၊ အရောင်းဆိုင်များ၊ စိုက်ခင်းပြကွက်များ၊ စာတမ်းဖတ်ပွဲ၊ စင်တင်တေးဂီတ၊ ရိုးရာယဉ်ကျေးမှု ဖက်ရှင်ပြိုင်ပွဲ၊ တိုင်းရင်းသားရိုးရာ အကပြိုင်ပွဲ၊ ဗဟိုရုပ်ရှင်နှင့် စားသောက်ဆိုင်များကိုလည်း ထည့်သွင်းပေးထားရာ ကြီးမားကျယ်ဝန်းလှသော ဝေသာလီအားကစားကွင်းကြီးအတွင်း၌ ပွဲတော်ကာလအတွင်း လာရောက်ကြည့်ရှုသူ ပြည်ထောင်စုဖွား သွေးချင်းများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်ခဲ့ရသည်မှာ အားကျဖွယ်ရာဖြစ်သည်။

တိုးတက်မြင့်မား

ပြည်ထောင်စုသား သွေးချင်းညီအစ်ကိုများ ပြည်ထောင်စုစိတ်ဓာတ် အခွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ရည်ရွယ်၍ ကျင်းပပေးခဲ့သော ဤပြပွဲပြိုင်ပွဲများမှ တစ်ဆင့် တိုင်းရင်းသား ညီနောင်များအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်များ အခွန့်ရှည် တိုးတက်မြင့်မားလာမည်ဆိုသည်မှာ ဧကန်အမှန်ပင် ဖြစ်ပေတော့သည်။ ။

(သတင်းစဉ်)

ရဲရဲနီကာ ကြီးမားလွန်းလှသည့် ငရုတ်သီးပင်ကြီးကလည်း အလှပန်းခိုင်တစ်ခိုင်ပမာ။ (သတင်းစဉ်)

အရွယ်တူညီစွာ သီးနေသည့် အုန်းခိုင်ကြီးများက လာရောက်ကြည့်ရှုသူများကို ဤသို့ ဆွဲဆောင်လွန်းလှသည်။ (သတင်းစဉ်)

မိုင်းယောင်းပြည်သူ့ဆေးရုံ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် မိုင်းယောင်းမြို့ ပြည်သူ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် မိုင်းယောင်းတပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံကာ တပ်နယ်အတွက် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် တာချီလိတ်တပ်နယ်သို့ ရောက်ရှိပြီး တပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံကာ တပ်နယ်အတွက် အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံပြီး နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုမှာကြားကာ မြို့နယ်အတွက် ဆေးဝါးပစ္စည်းများနှင့် အားကစားပစ္စည်းများကို ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး တာချီလိတ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မိုင်းဖြတ်မြို့သို့ရောက်ရှိပြီး ဘုရင့်နောင်ခန်းမ၌ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ မြို့နယ်အတွက် ဆေးဝါးပစ္စည်းများနှင့် အားကစားပစ္စည်းများကို ပေးအပ်သည်။

ဖွံ့ဖြိုးတိုးတက်မှု

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး မိုင်းဖြတ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စားသောက်ဖွယ်ရာ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် မိုင်းဖြတ်တပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့်မိသားစုဝင်များအား တွေ့ဆုံကာ စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း မွေးမြူရေးခြံများ ကြည့်ရှုစစ်ဆေး ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခြင်းမရှိအောင် အထူးဂရုပြုရန် မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၇

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ဖေဖော်ဝါရီ ၁၃ရက် နံနက်ပိုင်းက မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း မျိုးရင်းစစ် ကြက်မွေးမြူရေးခြံကိုလည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ခြေမြစ်ပင်ရှိ ဥစားဘိုးဘွားမျိုး ကြက်မွေးမြူရေးခြံကိုလည်းကောင်း၊ ညနေပိုင်းတွင် လားရှိုးမြို့ လားရှိုး မိုင်းယော်ကားလမ်း နားဖဒေသရှိ အဆင့်မြင့်ဝက်မွေးမြူရေးခြံ ဝက်သားခွဲဆောင်၊ ဝက်သားပေါက်ဆောင်၊ မျိုးဝက်ဆောင်များနှင့် ဝက်မွေးမြူရေးခြံတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၄ရက်တွင် စိန်ဝတ်မှုန်ကုမ္ပဏီလီမိတက်၏ ဒေသမျိုးလက်ဖက်စိုက်ခင်း၊ တစ်ဇကလျှင် လက်ဖက် ၇၃၅၀စိုက်ခင်း၊ လူငယ့်အားမာန် စိန်ဝတ်မှုန်ကုမ္ပဏီလီမိတက်၏ ရော်ဘာဇက ၄၀၀၀ စီမံကိန်းစိုက်ခင်းတို့ကို ကြည့်ရှုအားပေးသည်။

မှာကြား

ထို့နောက် ကျောက်မဲမြို့ စိုက်ပျိုးမွေးမြူရေးဇုန်ရှိ စိမ်းလန်းမြေကုမ္ပဏီလီမိတက်မှ စိုက်ပျိုးရေးလုပ်ငန်းရှင် ဦးမောင်ထွန်း၏ အောင်မြင်ဖြစ်ထွန်းနေသော လက်ဖက်စိုက်ခင်းများကို သွားရောက်ကြည့်ရှုအားပေးပြီး မွေးမြူရေးရှင်းလင်းဆောင်၌ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခြင်း မရှိအောင် အထူးဂရုပြုရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်ရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း အဆင့်မြင့်ဝက်မွေးမြူရေးခြံ (ထုံးဘို)ကို ကြည့်ရှုစစ်ဆေးသည်။

မကွေးတိုင်းအတွင်း သစ်တော၊ သစ်စက်နှင့် စိုက်ခင်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၇

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဖေဖော်ဝါရီ ၁၃ရက် ညနေပိုင်းက တောင်တွင်းကြီးမြို့ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၉၅)သစ်စက်သို့ ရောက်ရှိ၍ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူးက စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

စနစ်တကျထားရှိ

ထို့နောက် ဝန်ကြီးက မီးဘေးအန္တရာယ် ဂရုစိုက်ကာကွယ်ရေး မှာကြားပြီး စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်နှင့် ခွဲစိတ်ပြီး သစ်ခွဲသားများ စနစ်တကျ ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မကွေးမြို့ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနသို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက သစ်လုံးများထုတ်လုပ်ရရှိမှု၊ သစ်ဆိပ်များသို့ တိုက်ထုတ်ပြီးစီးမှု၊ သစ်တောများ ထိန်းသိမ်းထားရှိမှု၊ သစ်စေးကြဲ စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၄ရက် မွန်းလွဲပိုင်းတွင် မင်းဘူးမြို့နယ် ရွှေစက်တော် ဘေးမဲ့တောပြခန်းသို့ ရောက်ရှိလာရာ ဘေးမဲ့တောအုပ်ချုပ်ရေးမှူးက ပြခန်း၌ ခင်းကျင်းပြသထားသော ဘေးမဲ့တိရစ္ဆာန်များ၊ တောအမျိုးအစားများ၊ မြေအမျိုးအစားများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် မင်းဘူးသစ်ထုတ်လုပ်ရေးဒေသ ငဖဲမြို့နယ် မန်းကြိုးဝိုင်း ရှင်းလင်းဆောင်၌ သစ်ထုတ်လုပ်ရေးဒေသ မန်နေဂျာက သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ပေးအပ်

ယင်းနောက် ဝန်ကြီးသည် ယာဉ်ယန္တရားကြီးများဖြင့် သစ်လုံးများ သယ်မနေမှု၊ သစ်တိုက်နေမှု၊ သစ်ငုတ်ရင်းများနှင့် သစ်လုံးများ၌ မှတ်တမ်းတင်တံဆိပ်များ ရိုက်နှိပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆင်ဝန်ထမ်းများအား ထောက်ပံ့ငွေ ပေးအပ်ခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ညနေပိုင်းတွင် ငဖဲမြို့နယ် ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၂၅)သစ်စက်သို့ ရောက်ရှိ၍ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူးနှင့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး စက်ရုံအတွင်း လည်ပတ်ပုံ အဆင့်ဆင့်နှင့် ခွဲစိတ်ပြီး သစ်ခွဲသားများ စနစ်တကျ ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မင်းဘူးမြို့နယ် လေးပင်ကျေးရွာ ကျေးလက်အိမ်ရာ တည်ထောင်ရေး စီမံချက် ကျေးရွာပိုင်ယူကလစ်တစ်ဧက သစ်တောစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ကုန်းသာကျေးရွာရှိ အိမ်ထောင်စု ၄၂၅စု၌ ကျေးလက်အိမ်ရာ တည်ဆောက်ရေး စီမံချက် တစ်အိမ်ထောင် ကျွန်းသုံးပင်နှင့် ယူကလစ်အပင် ၂၀စိုက်ပျိုးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာ (လမ်းနှင့်တံတား)ဌာနမှ နေပြည်တော်ပျဉ်းမနား-တောင်ညိုလမ်း သပြေကုန်းအဝိုင်းအနီး ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ဌာနစုမှူး ဦးအောင်ကိုခိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (နေပြည်တော်စည်ပင်)

MRTV-4 ရုပ်မြင်သံကြား

၁၈-၂-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဇဗ္ဗုသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဘာဝနာ (၄၀)** တရားတော် (အပိုင်း-၄) ဆရာတော် ဘဒ္ဒန္တသုမန
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Diamond City Hyper Mart ၏ Staff Night 2009)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၅)
- ၈:၃၀ Sports World (Max Power)
- ၈:၄၅ အာဟာရအတွက် နို့တစ်ခွက်၏ သိကောင်းစရာ အကြောင်းအရာများ
- ၈:၅၅ ရေလှိုင်းကြွစီရရီ....သမိုင်းဝင် စေတီဦးကို ဖူးမြော်လှည့်ပါ (ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်)
- ၉:၁၅ ပင်လယ်ရေထွက်လုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက်နေသော ရခိုင်ပြည်နယ်
- ၉:၃၅ Style ရှိမှ Star ဖြစ်မယ်
- ၁၀:၂၅ Activities in the City
  - (၁၀)ကြိမ်မြောက် ဘုရင့်နောင်ဈေး သွေးလှူဒါန်းပွဲ
  - မိုးကုတ်အဖွဲ့ချုပ် ကသိုလ်တော်ဖြစ် ဆေးခန်းဖွင့်ပွဲ
- ၁၀:၅၅ အနာဂတ်ရဲ့ အလင်းရောင်
- ၁၁:၂၀ SGED သက်ကြီးဆရာဝန် စောင့်ရှောက်ရေး
- ၁၁:၄၀ အာဟာရအတွက် နို့တစ်ခွက်၏ သိကောင်းစရာ အကြောင်းအရာများ
- ၁၂:၀၅ Vancouver 2010 Olympic Winter Games
- ၁:၀၀ **ဘာဝနာ (၄၀)** တရားတော် (အပိုင်း-၄) ဆရာတော် ဘဒ္ဒန္တသုမန
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival Yuzana Bridal Show(1)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၅)
- ၄:၀၅ Activities in the City
  - (၁၀)ကြိမ်မြောက် ဘုရင့်နောင်ဈေး သွေးလှူဒါန်းပွဲ

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အ... ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်... မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာ...

မြဝတီရုပ်မြင်သံကြား

၁၈-၂-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၅ ၇။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄:၃၀ ၅။ မြန်မာသံစဉ် ချိုနားဝင်
- ၄:၄၅ ၆။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၅:၃၀ ၇။ မွေးမြူသုတ
- ၅:၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၁။ လျှပ်တစ်ပြက်
- ၆:၂၅ ၁၂။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးဖော်** (အပိုင်း-၁၄)
- ၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားမှတ်တမ်း** (အပိုင်း-၁၉)
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ နိုင်ငံတကာသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ရှေးဟောင်းသုတ
- ၁၉။ အနုပညာရှင်၏ တစ်နေ့တာ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့သူရဲကောင်း** (အပိုင်း-၂၂)

ဗန်းမော်မြို့နှင့် ကျောက်ပန်းတောင်းမြို့နယ်တို့၌ မီးလောင်မှုဖြစ်ပွား၍ နေအိမ်များဆုံးရှုံးခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ကချင်ပြည်နယ် ဗန်းမော်မြို့ ပေါက်ကုန်းရပ်ကွက်ရှိ ဦးလဗျအောင်၏ နေအိမ်ဝင်းအတွင်း ဖေဖော်ဝါရီ ၉ရက် ညနေ ၃နာရီခန့်က ဓာတ်ဆီလေးထောင့်သံပုံးအား သမံတလင်းပေါ်ဆောင့်ချရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အဆောက်အအုံတစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

ထို့အတူ မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ရသေ့တောင်ကျေးရွာရှိ ဦးတင်လှ၏နေအိမ်၌ ဖေဖော်ဝါရီ ၉ရက် ညနေ ၄နာရီခွဲက ထမင်းအိုးတည်ရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေအိမ် ၂၆လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

အထက်ပိုင်းဒေသများ၌ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ၀ဒသမ ၀၈လက်မ၊ ပူတာအိုမြို့တွင် ၀ဒသမ ၀၄လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၁၈ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်(မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

အများပြည်သူ သိရှိရန် အသိပေးနှိုး...

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်... ဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲကြပ်မတ်လျက်ရှိသည်။

အောက်ဖော်ပြပါဆေးများမှာ- မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြ... အရည်အသွေး အာမခံချက်မရှိကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးအမည်	ထုတ်လ...
၁။	Tegretol CR 200 Tablet (Carbamazepine 200mg)	Novartis (B... Bangladesh...
၂။	Durabolin 25 injection (Nandrolone Phenylpropionate BP 25 mg/ml)	Nuvista Ph... Bangladesh...
၃။	Indever 10 Tablet (Propranolol HCI BP 10mg)	ACL Ltd, ...
၄။	Oxy-Mycin Injection (Oxytetracycline HC1 100mg/ 2ml)	Olan-Keme...
၅။	Oxybid Tablet (Diclofenac Sodium IP 50mg, Paracetamol IP 500mg, Magnesium Trisilicate IP 100mg)	Astam Hea...

အများပြည်သူတို့အနေဖြင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါး... မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ ဝယ်ယူသုံးစွဲ...

ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် ... ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရော... လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေ... တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

မြူရေးခြံများ ကြည့်ရှုစစ်ဆေး
ောင် အထူးဂရုပြုရန် မှာကြား

ရီ ၁၇

မောင်သိမ်းသည် ဖေဖော်ဝါရီ ၁၃ရက် နံနက်ပိုင်းက
င့် နို့ထွက်ပစ္စည်းလုပ်ငန်း မျိုးရင်းစစ် ကြက်မွေးမြူ
ခြံမြစ်ပင်ရှိ ဥစားဘိုးဘွားမျိုး ကြက်မွေးမြူရေးခြံကို
ားဖဒေသရှိ အဆင့်မြင့်ဝက်မွေးမြူရေးခြံ ဝက်သားခွဲ
ရေးခြံတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဖြစ်ထွန်း
င်းများကို
း မွေးမြူ
မွေးမြူရေး
ာ ကြက်
ခြင်း မရှိ
ားသည်။
ကြီးသည်
မြို့နယ်ရှိ
နို့ထွက်
ကြက်မွေးမြူ
ရှုစစ်ဆေး

တွေ့ဆုံ

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၅ရက်တွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူးရုံး၌ မွေးမြူရေးလုပ်ငန်းရှင်များနှင့် လည်းကောင်း၊ အောင်မြေသာစံမြို့နယ်ရှိ ငါးလုပ်ငန်း ဦးစီးဌာန သရက်ကုန်း ငါးမွေးမြူရေးစခန်း၌ ဝန်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ား

တွင် ငဖဲ
ပ်ရေးနှင့်
စ်စက်သို့
ဆောင်၌
လုပ်ငန်း
လုပ်ငန်း
နမျာကို
န်ကြီးက
ပြီး စက်ရုံ
င့်ဆင့်နှင့်
နစ်တကျ
ဝးသည်။
မင်းဘူး
ကျူးလက်
စီမံချက်
သစ်တော
ကုန်းသာ
၄၂၅စု၌
တက်ရေး
န်းသုံးပင်
ျိုးထားမှု
စစ်ဆေး
။
ာင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၂-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ဘာဝနာ (၄၀)** တရားတော် (အပိုင်း-၄) ဆရာတော် ဘဒ္ဒန္တသုမန
၇:၀၀ MRTV-4 သတင်း
၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Diamond City Hyper Mart ၏ Staff Night 2009)
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၅)
၈:၃၀ Sports World (Max Power)
၈:၄၅ အာဟာရအတွက် နို့တစ်ခွက်၏ သိကောင်းစရာ အကြောင်းအရာများ
၈:၅၅ ရေလှိုင်းကြွစီရရီ....သမိုင်းဝင်စေတီဦးကို ဖူးမြော်လှည့်ပါ (ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်)
၉:၁၅ ပင်လယ်ရေထွက်လုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက်နေသော ရခိုင်ပြည်နယ်
၉:၃၅ Style ရှိမှ Star ဖြစ်မယ်
၁၀:၂၅ Activities in the City
- (၁၀)ကြိမ်မြောက် ဘုရင့်နောင်ဈေး သွေးလှူဒါန်းပွဲ
- မိုးကုတ်အဖွဲ့ချုပ် ကုသိုလ်တော်ဖြစ်ဆေးခန်းဖွင့်ပွဲ
၁၀:၅၅ အနာဂတ်ရဲ့ အလင်းရောင်
၁၁:၂၀ SGED သက်ကြီးဆရာဝန်စောင့်ရှောက်ရေး
၁၁:၄၀ အာဟာရအတွက် နို့တစ်ခွက်၏ သိကောင်းစရာ အကြောင်းအရာများ
၁၂:၀၅ Vancouver 2010 Olympic Winter Games
၁:၀၀ **ဘာဝနာ (၄၀)** တရားတော် (အပိုင်း-၄) ဆရာတော် ဘဒ္ဒန္တသုမန
၂:၀၀ MRTV-4 သတင်း
၂:၄၅ Fashion Music Festival Yuzana Bridal Show(1)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၅)
၄:၀၅ Activities in the City
- (၁၀)ကြိမ်မြောက် ဘုရင့်နောင်ဈေး သွေးလှူဒါန်းပွဲ
- မိုးကုတ်အဖွဲ့ချုပ် ကုသိုလ်တော်ဖြစ်ဆေးခန်းဖွင့်ပွဲ
၄:၃၅ ရေလှိုင်းကြွစီရရီ....သမိုင်းဝင်စေတီဦးကို ဖူးမြော်လှည့်ပါ (ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်)
၄:၅၀ အနာဂတ်ရဲ့ အလင်းရောင်
၅:၁၅ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီးကို စတင်တည်ထောင်တော်မူသော ဘဝနတ်ထံ ပျံလွန်တော်မူသွားသည့် "ဘဒ္ဒန္တပုညာနန္ဒ" အား ရည်စူး၍ ပူဇော်လှူဒါန်းမှုအစုစုတို့အား ရေစက်ချ အလှူတော်မင်္ဂလာ
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ သင်ကြားရေးလမ်းညွှန် (NELC Nelson English Language Centre)
၆:၅၅ Fashion Music Festival Yuzana Bridal Show (1)
၇:၃၅ အနုပညာမိုးကောင်းကင်
၈:၀၀ MRTV-4 သတင်း
၈:၃၀ Style ရှိမှ Star ဖြစ်မယ်
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၅)
၁၀:၀၀ သင်ကြားရေးလမ်းညွှန် (NELC Nelson English Language Centre)
၁၀:၂၅ အနုပညာမိုးကောင်းကင်
၁၀:၅၀ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီးကိုစတင်တည်ထောင်တော်မူသော ဘဝနတ်ထံ ပျံလွန်တော်မူသွားသည့် "ဘဒ္ဒန္တပုညာနန္ဒ" အား ရည်စူး၍ ပူဇော်လှူဒါန်းမှုအစုစုတို့အား ရေစက်ချ အလှူတော်မင်္ဂလာ
၁၁:၁၀ ကျောက်ကပ်နှင့် ကျောက်ကပ်ရောင်ရောဂါအကြောင်း (ပါမောက္ခဒေါက်တာခင်မောင်ဌေး)
၁၁:၃၀ ရန်ကုန်မြင်ကွင်းကျယ် (Diamond City Hyper Mart ၏ Staff Night 2009)
၁၁:၄၅ ကမ္ဘာနှင့်ယှဉ်ရင်ပေါင်တန်း မြန်မာ့သားရေထည်ရဲ့ အစွမ်း
၁၁:၅၅ များများသယ် မြန်မြန်ပို့ ပြည်သူတွေ စိတ်ချမ်းသာဖို့
၁၂:၁၀ သဖန်းဆိပ် ဘက်စုံရေလှောင်တမံ
၁၂:၂၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ည်သူ သိရှိရန် အသိပေးနှိုးဆော်ချက်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

သည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော
ာတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲကြပ်မတ်လျက်ရှိသည်။
းမှာ- မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ကြောင်းနှင့် ဆေးဝါးများမှာ
ရှိကြောင်း အသိပေးအပ်ပါသည်-

ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီ
00 Tablet (Carbamazepine 200mg)	Novartis (Bangladesh) Ltd., Bangladesh.
njection Phenylpropionate BP 25 mg/ml)	Nuvista Pharma Ltd., Bangladesh.
blet (Propranolol HCI BP 10mg)	ACL Ltd, Bangladesh
jection ne HC1 100mg/ 2ml)	Olan-Kemed Co.,Ltd., Thailand.
odium IP 50mg, Paracetamol gnesium Trisilicate IP 100mg)	Astam Healthcare Pvt Ltd., India.

ဖြင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း
င်တွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။
ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်
းများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုရန်နှင့်
ရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေပုဒ်မ (၁၈)အရ
ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မိုးနဲ-လင်းခေး ရထားလမ်းပိုင်းပေါ်ထွက်လာလျှင် ကျိုင်းတုံအထိ ခရီးဆက်သွယ် လမ်းကြောင်းဖြစ်ထွန်းလာတော့မည်ဖြစ်ရာ ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမို တွန်းအားပေးနိုင်တော့မည်။ ထို့ပြင် သဘာဝ တောတောင်ရေမြေလှပသော ရှမ်းပြည်နယ်တစ်ခွင်အား ရထားစီးပြီး ခရီးဆန့်နိုင်တော့မည်၊ ကုန်စည်စီးဆင်းမှု လျှင်မြန်လာတော့မည်။

* ရှေ့ဖုံးမှ

မိုးနဲ- ကျိုင်းတုံ

နံနက်ပိုင်းမှ မောင်းနှင်လာသော မော်တော်ယာဉ်သည် မိုးနဲသို့ မွန်းလွဲပိုင်း၌ ရောက်ရှိခဲ့သည်။ ခရီးရောက် မဆိုက်ပင် မိုးနဲ-ကျိုင်းတုံ ရထားလမ်း ဖောက်လုပ်ရေးနှင့်ပတ်သက်ပြီး စီမံကိန်းအင်ဂျင်နီယာ ဦးတင့်လွင်နှင့်တွေ့ဆုံကာ ရထားလမ်းဖောက်လုပ်မှုနှင့်ပတ်သက်ပြီး သိလိုသည့်အချက်များကို မေးမြန်းစေ့ငုခဲ့သည်။

"မိုးနဲ-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်မှုစီမံကိန်းကတော့ စတင်ဆောင်ရွက်နေတာဟာ အခုဆိုရင် အကြမ်း မြေတိုင်းတာခြင်းလုပ်ငန်းအနေနဲ့ မိုးနဲ-လင်းခေးအပိုင်း ၁၈မိုင် ပြီးစီးသွားပြီ ဖြစ်ပါတယ်" ဟု စီမံကိန်းအင်ဂျင်နီယာ ဦးတင့်လွင်က ပြောပြသည်။

မိုးနဲ-လင်းခေး ရထားလမ်းပိုင်းအား မြေကြီးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အပြီးသတ်ဆောင်ရွက်မှုများ ဤသို့ ပြုလုပ်လျက်ရှိသည်။ (မြန်မာ့အလင်း)

ဖောက်လုပ်ခဲ့

ရှမ်းပြည်နယ်တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၀၆ခုနှစ်က အရှည် ၁၉၇ဒသမ ၁၆မိုင်ရှိ ရွှေညောင် - တောင်ကြီး - ဆိုက်ခေါင်- နမ့်စန် - မိုးနဲရထားလမ်းကို ဖောက်လုပ်ပေးခဲ့သည်။ ယင်းရထားလမ်းကို ၂၀၀၆ခုနှစ် ဇန်နဝါရီ ၁ရက်က ဖွင့်လှစ်နိုင်ခဲ့သဖြင့် ရထားများ ပြေးဆွဲနေပြီ ဖြစ်ပြီး ယခုအခါ ဆက်လက်၍ ကျိုင်းတုံအထိ ရထားလမ်း ဖောက်လုပ်နေခြင်းဖြစ်သည်။

"မိုးနဲ-ကျိုင်းတုံ ရထားလမ်းအကြောင်းမြေတိုင်းတာခြင်းကို ပြီးခဲ့တဲ့ ၂၀၀၉ခုနှစ် ဇူလိုင် ၁ရက်က စတင်ကာ မြေတိုင်းတာခြင်း ပြုလုပ်ခဲ့ပါတယ်။ မိုးနဲ-ကျိုင်းတုံ ရထားလမ်းဟာ ခန့်မှန်းခြေ အရှည် ၂၂၆ မိုင်ရှိပါတယ်၊ မြေတိုင်းတာခြင်း အသေးစိတ်ပြီးစီးမှုကတော့ မိုးနဲနဲ့ ပန်းတောင်းရွာအကြား ကိုးမိုင်ကျော်ရှည်လျားပါတယ်"။

ဦးတည်ဖောက်လုပ်

မိုးနဲ-ကျိုင်းတုံ ရထားလမ်းကို မိုးနဲမှ လင်းခေး၊ မိုင်းပန်၊ တာဆန်း၊ မိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းခုတ်၊ မိုင်းဖြတ်မြို့များကို ဖြတ်သန်းပြီး ကျိုင်းတုံသို့ ဦးတည်ဖောက်လုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။ တောတောင်လျှိုမြောင်များကို ဖြတ်သန်းဖောက်လုပ်ပေးရာ လွယ်ကူလှသည်တော့ မဟုတ်ချေ။

အတတ်ပညာ

အထူးသဖြင့် တောင်ကုန်း တောင်တန်းများက နေရာတိုင်းတွင် ကာဆီးနေသည်ဖြစ်ရာ တောင်များကို ခက်ခဲစွာ ဖောက်လုပ်ရသည်။ ကျောက်တောင်များဖြစ်၍ စက်ယန္တရားများ အကူအညီယူရသည်။ ယခုဖောက်လုပ်နေသည့် မိုးနဲ-ကျိုင်းတုံရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းကို မြန်မာအင်ဂျင်နီယာများက တာဝန်ယူဆောင်ရွက်နေခြင်း ဖြစ်သည်။

မိုးနဲ- ကျိုင်းတုံ ရထားလမ်းအကြောင်းသည် သံလွင်မြစ်ကို ဖြတ်သန်းရမည်ဖြစ်ရာ သံလွင်မြစ်ကူးတံတားကြီးတစ်စင်းကိုလည်း တာဆန်းမြို့အနီးတွင် တည်ဆောက်ရန် လျာထားကြောင်း သိရသည်။

ရထားလမ်းတံတားတည်ဆောက်မှု

မိုးနဲ-လင်းခေး လမ်းပိုင်းတွင် မြေကြီးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသည့်အခါ တံတား ၁၆စင်း တည်ဆောက်ရန်ရှိသည့်အနက် တံတားလေးစင်း တည်ဆောက်ပြီးစီးခဲ့ပြီ ဖြစ်သည်။ တံတားသုံးစင်းမှာ တည်ဆောက် နေဆဲဖြစ်ပြီး ကျန်တံတားများအတွက်လည်း ပစ္စည်းများ စုဆောင်းနေသည်ကို တွေ့ရှိရသည်။

အခက်အခဲ

ယခုလို တောင်တန်းဒေသတွင် တောတောင်လျှိုမြောင်များကို ကျော်ဖြတ်ကာ ရထားလမ်းဖောက်လုပ်ရသည်မှာ ငွေကြေးကုန်ကျမှု၊ အခက်အခဲပေါင်းများစွာနှင့် ရင်ဆိုင်ကြုံတွေ့ရမှုများရှိသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။ ရထားလမ်းဖောက်လုပ်ရေးအတွက် ပထမအဆင့် မြေတိုင်းတာမှုလုပ်ငန်းကပင် မလွယ်ကူပါချေ။ သို့သော် ဤသို့သောအခက်အခဲများကို ကျော်ဖြတ်ဆောင်ရွက်ရင်းနှင့်ပင် နိုင်ငံအတွင်း ဒေသအသီးသီးသို့ ခရီးသွားလာနိုင်သည့် ရထားလမ်းကွန်ရက်များ ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။

မိုးနဲ-လင်းခေး ရထားလမ်းပိုင်းအား မြေကြီးလုပ်ငန်းများကို ယန္တရားကြီးများဖြင့် ဤသို့ ဆောင်ရွက်လျက်ရှိသည်။ (မြန်မာ့အလင်း)

ဖွံ့ဖြိုးတိုးတက်ရေး

ယခု မိုးနဲ-လင်းခေး ရထားလမ်းပိုင်းပေါ်ထွက်လာပြီးသည့်နောက် ကျိုင်းတုံအထိ ရထားကွန်ရက် တိုးတက် ဖြစ်ထွန်းလာတော့မည်ဖြစ်ရာ ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။ ထို့ပြင် သဘာဝတောတောင် ရေမြေလှပသော ရှမ်းပြည်နယ်တစ်ခွင်အား ရထားစီးပြီး ခရီးဆန့်နိုင်တော့မည်၊ ကုန်စည်စီးဆင်းမှု လျှင်မြန်လာတော့မည်ကို တွေးတောမိရင်း အပြန်ခရီးတစ်လျှောက် ကြည်နူးပီတိ ဖြစ်နေမိပါတော့သည်။ ။ **(မြန်မာ့အလင်း)**

မိုးနဲ-လင်းခေး ရထားလမ်းဖောက်လုပ်ရန် တောင်ကြောများကို ယန္တရားများဖြင့် ဤသို့ အသုံးပြုဖောက်လုပ်ရသည်။ (မြန်မာ့အလင်း)

ငါးလုပ်ငန်းအဖွဲ့ချုပ် ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် Sun Myanmar Int'l Impex Co.,Ltd. ၏ ကူညီပံ့ပိုးမှုဖြင့် ဖေဖော်ဝါရီ ၂၀ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာမ မစန္ဒာက မိမိကိုယ်ကို တည်ဆောက်ခြင်း (Building up One's Own Life) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခြင်မှဖြစ်သောရောဂါ

ချီကန်ဂန်ညာ(Chikun Gunya)အကြောင်း သိကောင်းစရာ

ရုံးမှပြန်ရောက်ချိန် အိမ်နံဘေးမှ ထူထပ်လာသော ပေါင်းမြက်တောကို ကြည့်ရင်း မြက်ယမ်းသမားတစ်ယောက် ပေါ်မလာတာကြာပြီကို သတိထားမိသည်။ တလောတုန်းကတော့ သူ့ကလေးတုပ်ကွေးဖြစ်၍ ဆေးရုံပြနေသည်ကို ကြားမိသည်။ ရိုးရိုးတုပ်ကွေးလား၊ သွေးလွန်တုပ်ကွေးလားတော့မသိ။ မည်သို့ဖြစ်စေ သူမလာနိုင်၍ ပေါင်းတွေမရှင်းနိုင်၊ ရေဆိုးဗွက်အိုင်တွေ မရှင်းနိုင်လျှင် ကိုယ်ပါ ခြင်ပြဿနာကြောင့် သွေးလွန်တုပ်ကွေးဖြစ်ပြီး ဆေးရုံရောက်ရမှာကို တွေးပူရသေးသည်။ ဤသို့လျှင် တွေးရင်းပူရင်း တုပ်ကွေးရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါတို့နှင့်အတူ တစ်နေ့တုန်းက WHO မှ မိတ်ဆွေတစ်ဦးက စိုးရိမ်စိတ်နှင့်ပေးပို့လာသောစာထဲမှ "ချီကန်ဂန်ညာ" (Chikun Gunya) ခေါ် ခြင်ကြောင့်ဖြစ်တတ်သော ရောဂါအကြောင်း တွေးမိတော့သည်။

ကျွန်မတို့နေထိုင်ရာ နေအိမ်အဆောက်အအုံများ၌ ခြင်ပေါက်ပွားမှုများပြားပါက ချီကန်ဂန်ညာ (Chikun Gunya) ရောဂါဟုခေါ်သော ခြင်ကြောင့်ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါသည် ချိန်ခါရာသီမရွေး ဖြစ်ပွားတတ်ပါသည်။

ချီကန်ဂန်ညာရောဂါကို အာဖရိက၊ အာရှနှင့် အိန္ဒိယတိုက်ရှိ နိုင်ငံများ၌ အများဆုံး တွေ့ရှိခဲ့ရသော်လည်း ယခုအခါ ဥရောပတိုက်နှင့် အမေရိကတိုက်ရှိ အချို့သောနိုင်ငံများတွင်ပါ ပျံ့နှံ့လျက်ရှိသည်ကို တွေ့ရှိခဲ့ရသည်။

၂၀၀၇ခုနှစ်တွင် ဥရောပတိုက်ရှိ အီတလီနိုင်ငံ အရှေ့မြောက်ပိုင်းဒေသများ၌ ယင်းရောဂါ ပထမဆုံးအကြိမ် စတင်ဖြစ်ပွားခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အစီရင်ခံစာ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

မေနိုင် (စာနယ်ဇင်း)

၁၉၅၂ခုနှစ်တွင် အာဖရိကတိုက်ရှိ တန်ဇန်းနီးယားနိုင်ငံတောင်ပိုင်း၌ ချီကန်ဂန်ညာရောဂါ စတင်ပျံ့နှံ့သည်ကို ပထမဆုံးတွေ့ရှိခဲ့ရပါသည်။ ၎င်းရောဂါပိုးသည် တွန်ဂါဘီရီဒေး (Togaviridae) ဗိုင်းရပ်စ်အုပ်စုဝင် အယ်လ်ဖာဗိုင်းရပ်စ် အမျိုးအစား ဖြစ်ပါသည်။ **"ချီကန်ဂန်ညာ"ဟူသော ဝေါဟာရအသုံးအနှုန်းမှာ အာဖရိကတိုက်ရှိ မိုဇမ်ဘစ်နိုင်ငံမြောက်ပိုင်းနှင့် တန်ဇန်းနီးယားနိုင်ငံ အရှေ့တောင်ပိုင်းတွင် နေထိုင်သော မာကွန်ဒေးလူမျိုးစု ဘာသာစကားမှ ဆင်းသက်လာသော အခေါ်အဝေါ်တစ်ခုဖြစ်ပြီး ကိုယ်လက် တွန့်လိမ်ကွေးကောက်သော ရောဂါဟု အဓိပ္ပာယ်ရပါသည်။ ရောဂါခံစားရသည့်အချိန်၌ အဆစ်အမျက်များ နာကျင်ကိုက်ခဲသည့်အတွက် ဝေဒနာရှင်အနေဖြင့် ခန္ဓာကိုယ် တွန့်လိမ်ကောက်ကွေးအောင် ခံစားရခြင်းကို အစွဲပြု၍ ခေါ်ဝေါ်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။**

ချီကန်ဂန်ညာရောဂါသည် သွေးလွန်တုပ်ကွေးရောဂါ (Dengue) နှင့် အချို့သော သွင်ပြင်လက္ခဏာများတွင် တူညီသော်လည်း ချီကန်ဂန်ညာရောဂါကို အမြစ်ပြတ်အောင် ကုသ၍မရနိုင်ဘဲ ရောဂါသက်သာအောင်သာ အဓိကထား၍ ကုသပေးနိုင်သော ရောဂါမျိုးဖြစ်သည်။ အဆိုပါ ရောဂါအတွက် ရည်ရွယ်၍ ထုတ်လုပ်ထားသော သီးသန့်ကာကွယ်ဆေးများလည်း မရှိသေးကြောင်း သိရှိရပါသည်။

ယင်းရောဂါ ခံစားရသည့်အခါ၌ အဆစ်အမျက်များ နာကျင်ကိုက်ခဲပြီး ကိုယ်အပူချိန် ၁၀၄ဒီဂရီဖာရင်ဟိုက်ကျော်အထိ မြင့်တက်ကာ ဖျားနာသည့် ဝေဒနာကို ခံစားရကြောင်း သိရပါသည်။ ထို့ပြင် ကြွက်သားများ နာကျင်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မအီမသာဖြစ်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အရေပြားပေါ်၌ အဖုအပိမ့် အနီကွက်များ၊ အင်ပျဉ်များ ဖြစ်ပေါ်ခြင်းတို့ ကြုံတွေ့နိုင်ကြောင်း သိရပါသည်။

ချီကန်ဂန်ညာ ရောဂါခံစားရပါက အထက်ဖော်ပြပါ ရောဂါလက္ခဏာများအပြင် အဆစ်အမျက် နာကျင်ကိုက်ခဲခြင်းများကို ရက်အနည်းငယ်အတွင်းမှ ရက်သတ္တပတ်ပေါင်းများစွာ ကြာမြင့်သည်အထိ ခံစားရနိုင်ပါသည်။ ရောဂါဝေဒနာရှင် အများစုသည် ကိုယ်အပူချိန် ကျဆင်းသွားသော်လည်း အဆစ်အမျက် ကိုက်ခဲခြင်းများ လပေါင်းများစွာမှ နှစ်ပေါင်းများစွာထိအောင် ခံစားရလေ့ရှိကြောင်းနှင့် အသက်အရွယ်ကြီးရင့်သူများအဖို့ ၎င်းဝေဒနာကြောင့် အသက်အန္တရာယ်ကိုပါ ထိခိုက်စေနိုင်ကြောင်းလည်း သိရပါသည်။

ချီကန်ဂန်ညာရောဂါပိုးရှိသူအား ကိုက်ထားသောခြင်မှတစ်ဆင့် အခြားသူများအား ကူးစက်နိုင်၊ ရောဂါပိုးအား သယ်ဆောင်လာသည့် ခြင်များသည် နေ့အလင်းရောင်ရှိချိန် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းအချိန်များ၌ ကိုက်ခဲလေ့ရှိ၊ ရောဂါပိုးရှိသောခြင်ကိုက်ခံရပြီးနောက် လေးရက်မှ ရှစ်ရက်အတွင်း ဖျားနာခြင်းများ စတင်ဖြစ်ပေါ်တတ်ပြီး ကိုယ်အပူချိန် ကျဆင်းစေရန်မှာ နှစ်ရက်မှ ၁၂ရက် အထိ ကြာမြင့်နိုင်။

ချီကန်ဂန်ညာ ရောဂါပိုးရှိသူအား ကိုက်ထားသောခြင်မှတစ်ဆင့် အခြားသူများအား ကူးစက်နိုင်ပါသည်။ ၎င်းရောဂါပိုးအား သယ်ဆောင်လာသည့် ခြင်များသည် နေ့အလင်းရောင်ရှိချိန် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းအချိန်များ၌ ကိုက်ခဲလေ့ရှိပါသည်။ ရောဂါပိုးရှိသောခြင် ကိုက်ခံရပြီးနောက် လေးရက်မှ ရှစ်ရက်အတွင်း ဖျားနာခြင်းများ စတင်ဖြစ်ပေါ်တတ်ပြီး ကိုယ်အပူချိန်ကျဆင်းစေရန်မှာ နှစ်ရက်မှ ၁၂ရက်အထိ ကြာမြင့်နိုင်ပါသည်။

၁၉၉၉ခုနှစ်နှင့် ၂၀၀၀ပြည့်နှစ်တို့၌ ကွန်ဂိုနိုင်ငံတွင်လည်းကောင်း၊ ၂၀၀၇ ခုနှစ်၌ ဂါဘွန်နိုင်ငံတွင်လည်းကောင်း ချီကန်ဂန်ညာရောဂါ အကြီးအကျယ် ပျံ့နှံ့ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။ ယင်းရောဂါဖြစ်ပွားမှုကို အာဖရိက၊ အာရှနှင့် အိန္ဒိယတိုက်ရှိ နိုင်ငံများ၌ အများဆုံး တွေ့ရှိရပါသည်။ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလတွင် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ ကျွန်းငယ်တစ်ခု၌ ယင်းရောဂါပျံ့နှံ့မှု အကြီးအကျယ် ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။ အိန္ဒိယနိုင်ငံ၌ ၂၀၀၆ခုနှစ်နှင့် ၂၀၀၇ခုနှစ်များအတွင်း ရောဂါဖြစ်ပွားမှု အများအပြားတွေ့ရှိခဲ့ရပြီး ယင်းရောဂါ ကူးစက်ပျံ့နှံ့မှုသည် တောင်အာရှဒေသရှိ အချို့သော နိုင်ငံများကိုပါ ပျံ့နှံ့ခဲ့ပါသည်။ ၂၀၀၇ခုနှစ်တွင် အီတလီနိုင်ငံ အရှေ့မြောက်ပိုင်းဒေသ၌ ယင်းရောဂါပိုး ပျံ့နှံ့မှုအား တွေ့ရှိခဲ့ရသဖြင့် ဥရောပတိုက်သို့ ယင်းရောဂါပိုး ပထမဆုံးအကြိမ် အဖြစ် စတင်ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ကြေညာခဲ့ခြင်း ဖြစ်ပါသည်။

ခြင်အမျိုးအစား အမျိုးမျိုးရှိသည့်အနက် Ae. aegypti နှင့် Ae.albopictus ခြင်အမျိုးအစား နှစ်မျိုးတို့သည် ချီကန်ဂန်ညာရောဂါကို ဖြစ်ပေါ်စေတတ်သော ခြင်အမျိုးအစားများ ဖြစ်ပါသည်။ Ae.aegypti ခြင်အမျိုးအစားသည် အပူပိုင်းဒေသများတွင်နေထိုင်သော ခြင်အမျိုးအစားဖြစ်ပြီး Ae.albopictus ခြင်အမျိုးအစားသည် သမပိုင်းရာသီဥတုရှိသော ဒေသများနှင့် အအေးပိုင်းဒေသများတွင် နေထိုင်တတ်သော ခြင်အမျိုးအစားဖြစ်ပါသည်။ **အဆိုပါ ခြင်အမျိုးအစားနှစ်မျိုးအနက် Ae.albopictus သည် အများဆုံးတွေ့ရတတ်သော အမျိုးအစားဖြစ်၍ သစ်ခေါင်းများ၊ ကျောက်တုံးများအကြားနှင့် ဝါးပင်များအကြား၌ ခိုအောင်း နေထိုင်လေ့ရှိသကဲ့သို့ မော်တော်ကားတာယာအဟောင်းများအကြား၌လည်း ခိုအောင်းနေထိုင်လေ့ရှိပါသည်။ အဆိုပါခြင်အမျိုးအစားသည် ကျေးလက်ဒေသများ၊ မြို့ပြမဟုတ်သော ဆင်ခြေဖုံးဒေသများနှင့် အရိပ်ကောင်းစွာရရှိသော ပန်းခြံများ၌ အများအပြား ပေါက်ပွားလေ့ရှိပါသည်။ Ae.aegypti ခြင်အမျိုးအစားမှာမူ လူနေအိမ်များနှင့်နီးကပ်သည့် ပန်းပင်များအကြား၊ ရေသိုလှောင်ကန်များနှင့် ရေချိုးခန်းများအတွင်းရှိ ရေစည်၊ ရေကန်များတွင် နေထိုင်ပေါက်ပွားလေ့ရှိကြောင်း သိရှိရပါသည်။**

ချီကန်ဂန်ညာရောဂါ ကာကွယ်ရန်အတွက် ခြင်ပေါက်ပွားနိုင်သည့် ရေသိုလှောင်ကန်များကို အတတ်နိုင်ဆုံး ဖုံးအုပ်ထားခြင်းများ ပြုလုပ်ရမည့်အပြင် ခြင်ပေါက်ပွားတတ်သည့် နေရာများ၌ ခြင်ဆေးဖျန်းခြင်းနှင့် ခြင်ပေါက်ပွားနိုင်ခြင်း မရှိစေရန်အတွက် အကာအကွယ်များပြုလုပ်ခြင်း၊ ခြင်ကိုက်ခံရမှုမှ ကာကွယ်နိုင်ရန်အတွက် နေ့လယ်ပိုင်းတွင် အဝတ်အစား လုံလုံခြုံခြုံ ဝတ်ဆင်ထားခြင်းနှင့် ခြင်မကိုက်စေသည့် လိမ်းဆေးများလိမ်းခြင်း၊ နေ့လယ်ပိုင်းအိပ်သည့်အချိန်များတွင် ကလေးများနှင့် သက်ကြီးရွယ်အိုများအား ခြင်ထောင်ထောင်၍ အိပ်စက်စေခြင်းနှင့် ခြင်ဆေးအမျိုးမျိုးတို့ကို အဆောက်အအုံအတွင်း ထွန်းညှိထားခြင်းအားဖြင့် ခြင်ကိုက်ခြင်းမှ ကင်းဝေးအောင် ကာကွယ်နိုင်မည် ဖြစ်ပေသည်။

ချီကန်ဂန်ညာရောဂါဟုခေါ်သော ခြင်ကြောင့်ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါကို ကျွန်မတို့နေထိုင်ရာ ပတ်ဝန်းကျင်အတွင်း လွယ်ကူစွာ ပျံ့နှံ့ဖြစ်ပွားခြင်း မရှိစေရေးနှင့် ကလေးသူငယ်များနှင့် ကိုယ်ခံစွမ်းအား လျော့နည်းလျက်ရှိသည့် သက်ကြီးရွယ်အိုများတွင် အလွယ်တကူ ကူးစက်ခံရခြင်း မရှိစေရေးအတွက် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများဖြစ်သည့် မိမိတို့အသုံးပြုသော ရေအိုး၊ ရေကန်များအား ဖုံးအုပ်ထားခြင်း၊ ခြင်ပေါက်ပွားနိုင်သည့် နေရာများဖြစ်သည့် ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ဘုရားပန်းအိုးများ၊ သောက်တော်ရေခွက်များ နေ့စဉ်လဲလှယ်ပေးခြင်းစသည့် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများအား တစ်ဦးချင်း၊ တစ်ယောက်ချင်းမှသည် တစ်မိသားစု၊ တစ်ရပ်ကွက်၊ တစ်မြို့နယ်လုံးစသည်ဖြင့် ဆောင်ရွက်သွားကြပါက ဖော်ပြပါ "ချီကန်ဂန်ညာ" ရောဂါမှအစ ခြင်ကြောင့်ဖြစ်သည့်ရောဂါများ ကျွန်မတို့ပတ်ဝန်းကျင်တွင် အလွယ်တကူ ဖြစ်ပွားနိုင်လိမ့်မည်မဟုတ်ကြောင်း သိရှိရပါသည်။

ယနေ့ခေတ်ကား ရောဂါပိုးတို့သည် လူသားတို့၏ သိပ္ပံနည်းပညာ ဖွံ့ဖြိုးမှုနှင့်အတူ ဘေးအန္တရာယ် ပိုမိုကြီးမားလာကြရာ သတိထားနိုင်မှ တော်ရာကျပေမည်။ နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်(၄)ရပ်အနက်မှ "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဦးတည်ချက်အတိုင်းပင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှသာ နိုင်ငံတော်ကြီးကို အင်အားတောင့်တင်းခိုင်မာသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နိုင်ကြပေမည်။

ညနေခင်း နေရောင်ခြည်က အိမ်နောက်ဘက်မှ ဆုတ်ခွာစပြုပေပြီ။ မျှော်သူကလည်း ပေါ်မလာခဲ့ပြီ။ ဤသို့ဖြင့် အတွေးတို့ကျယ်ပြန့်ရာမှ ကမ္ဘာနှံ့အောင် ခရီးဆန့်မိသည်များကို အသာထားလျက် မြက်ယမ်းဓားကိုကိုင်ဆောင်ကာ မပေါ်လာတာကြာပြီဖြစ်သော မြက်ယမ်းသမားအစား မိမိကိုယ်တိုင်ပင် ချီကန်ဂန်ညာရောဂါ၏ တိုက်စစ်မှူး Ae.aegypti နှင့် Ae.albopictus ခြင်တို့ ရောက်ရှိ ပေါက်ပွားနိုင်ရာ ချုံနွယ်များကို အားထည့်ချေမှုန်း သုတ်သင်ခဲ့ရပါတော့သည်။ ။

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဟားခါးမြို့ လောက်လုံကျေးရွာ၌ အဝတ်အထည်များလှူဒါန်း

ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့နယ် လောက်လုံကျေးရွာရှိ ပရဟိတကျောင်းမှ ကလေးများနှင့် မူလတန်းလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၀၀ကျော်တို့အား ဖေဖော်ဝါရီ ၅ ရက်က မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ထောက်ပံ့ပေးပို့သော အဝတ်အထည်များ ပေးအပ်လှူဒါန်းပွဲ ကျင်းပသည်။

(ပြည်နယ် ပြန်/ဆက်)

အောင်လံ၌ ပျိုးဥယျာဉ်အတွင်း ပျိုးပင်များပျိုးထောင်

အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အောင်မာလာပန်းခြံအတွင်းရှိ ပျိုးဥယျာဉ်အတွင်း၌ ပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေကို ဇန်နဝါရီ ၁၅ ရက်က မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးဦးကြည်သန်း ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

ကျိုင်းတောင်းမြို့၌ မိသားစု ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ကျိုင်းတောင်းမြို့ အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူးကျင်းပသည့် မူလတန်းအဆင့်ကျောင်း မိသားစု ပုံပြင်ပြောပြိုင်ပွဲကို ဇန်နဝါရီ ၆ရက်က (အထက)တုန်ဟုန်းကျောင်းခန်းမ၌ကျင်းပရာ ပြိုင်ပွဲတွင်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ဖားကန့်စည်ပင် ကတ္တရာထပ်ပိုးလွှာခင်း

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်သည် ဖားကန့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်လုပ်ငန်းဖြစ်သည့် ဆိပ်မူလမ်းမကြီး ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို ဇန်နဝါရီ ၁၆ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်အောင်က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

ဖလမ်း ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်း

ဖလမ်းခရိုင်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် အဆောက်အအုံ၊ ပရိဘောဂ၊ မီဒီယာပစ္စည်းနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၈ရက်က ဖလမ်းမြို့ မြို့နယ်ခန်းမ၌ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ချင်းပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းခင်နှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်တို့က အမှာစကားပြောကြားကြသည်။

(ခရိုင် ပြန်/ဆက်)

ပုလဲမြို့နယ်ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်း

ပုလဲမြို့နယ် ချင်ပြစ်ကျင်းအုပ်စု နွယ်အင်းကျေးရွာ ဦးစိုးပြိုင် စာကြည့်တိုက်သို့ သုတ၊ ရသစာအုပ်များ လှူဒါန်းခြင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းသား ကျောင်းသူများအား စာအုပ်နှင့် စာရေးကိရိယာ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၃၁ရက်က ဦးစိုးပြိုင်စာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေကူ တောပုန်းကျေးရွာ၌ စာကြည့်တိုက်ဆောက်လုပ်

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် တောပုန်းကျေးရွာတွင် ကျေးရွာပြည်သူများနှင့် စေတနာအလှူရှင်များ ထည့်ဝင်ငွေဖြင့် တည်ဆောက်လျက်ရှိသော ထွန်းတောက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဆောက်လုပ်လျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးကျော်စိုးနိုင်နှင့်အတူ ဓာတ်ပုံကျွမ်းကျင်(၂) ဦးကျော်သူဆန်းနှင့် ရုပ်သံကျွမ်းကျင်(၃)ဒေါ်သူဇာမြင့်တို့ ကြည့်ရှုစစ်ဆေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ပေါက်တောမြို့ ဦးရွှေမြလမ်း ကတ္တရာလမ်းသစ်ဖွင့်

ပေါက်တောမြို့ အမှတ်(၃)ရပ်ကွက် ဦးရွှေမြလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ရက် နံနက်က အဆိုပါလမ်းမုခ်ဦး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(မြို့နယ်စည်ပင်)

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာသည့် စီးရီးအေ

မောင်မောင်မြင့်ဆွေ-စုစည်းရေးသား၍ လှိုင်လှိုင်သင်း (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

မီလန် ဖေဖော်ဝါရီ ၁၇

ဒူဘိုင်းအခြေစိုက် စီးပွားရေးလုပ်ငန်းရှင်များက အခြားလုပ်ငန်းများထက် အားကစားလုပ်ငန်းများအပေါ် ရင်းနှီးမြှုပ်နှံမှု ပိုမိုပြုလုပ်လာသည်။ ဘောလုံးအသင်းများကို ဝယ်သည်။ အားကစားဆိုင်ရာများ၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည်။ ဘောလုံးဈေးကွက် လှုပ်လှုပ်ရှားရှားဖြစ်စေခဲ့သည်။ ယခု ဒူဘိုင်းအခြေစိုက် စော်ဘွားလေကြောင်းလိုင်းက အေစီမီလန်ကလပ်၌ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည်။

စာချုပ်

အေစီမီလန် ဘောလုံးသမားများ ဝတ်ဆင်မည့် အားကစားဝတ်စုံ တီရှပ်အင်္ကျီအတွက် စပွန်စာပေးရေး သဘောတူစာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်သည်။ ယူရိုသန်း ၆၀ တန် စာချုပ်ဖြစ်သည်။ ပေါင်ငွေဆိုလျှင် ၅၂သန်း၊ ဒေါ်လာဆိုလျှင် ၈၂သန်း တန်ဖိုးရှိသည့် စာချုပ်ဖြစ်သည်။ စာချုပ်သက်တမ်းမှာ လေးနှစ်ဖြစ်သည်။

ထိုစာချုပ်အရ လာမည့်ဇူလိုင်မှ စတင်ကာ စော်ဘွားလေကြောင်းလိုင်းအမှတ်အသားပါ အားကစားတီရှပ်အင်္ကျီများကို အေစီမီလန် ဘောလုံးသမားများ စတင်ဝတ်ဆင်ကစားရမည်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာကျော် ဘောလုံးသမားများဖြစ်သော ရော်နယ်ဒင်ဟို၊ ဘက်ခမ်းတို့ ခန္ဓာကိုယ်ပေါ်၌ စော်ဘွားလေကြောင်းလိုင်း အမှတ်အသားပါ အားကစားအင်္ကျီများ မြင်တွေ့ရတော့မည်ဖြစ်သည်။

အခြားအသင်းများ

ဒူဘိုင်းအခြေစိုက် စော်ဘွားလေကြောင်းလိုင်း ကုမ္ပဏီအနေဖြင့် ယခုကဲ့သို့ စပွန်ဆာများ ပေးထားသည့်အသင်းများရှိနေသည်။ ပြင်သစ်ကလပ် စိန့်ဂျာမိန်း၊ ဂျာမန်ကလပ် ဟမ်းဘတ်နှင့် ပရီမီယာလိဂ်ကလပ် အာဆင်နယ်တို့ ဖြစ်သည်။ ထိုအသင်းများနှင့်လည်း လက်ရှိ အားကစားတီရှပ် စပွန်ဆာများ တစ်ပြိုင်နက်တည်း ပေးထားသည်။

ဒူဘိုင်းအခြေစိုက် စော်ဘွားလေကြောင်းလိုင်းနှင့် စာချုပ် မချုပ်မီကပင် အေစီမီလန်တို့က ဂျာမန် အားကစား ကုမ္ပဏီတစ်ခုဖြစ်သည့် အဒီဒတ်စ်နှင့် စာချုပ် ထားမှုရှိခဲ့သည်။ အေစီမီလန်နှင့် အဒီဒတ်စ်တို့ စာချုပ်သက်တမ်းကား ၂၀၁၇ခုနှစ် အထိဖြစ်သည်။ သို့သော် စော်ဘွားလေကြောင်းလိုင်းကလည်း အေစီမီလန်နှင့် ယခုစာချုပ်သည် အကြိုစာချုပ်သဘောမျိုးဖြစ်သည်ဟု ဆိုနေသည်။ နှစ်ဦးနှစ်ဖက် အဆင်ပြေလျှင် စာချုပ် သက်တမ်းတိုးမည့် သဘောရှိသည်။

ဒူဘိုင်းအခြေစိုက် စော်ဘွားလေကြောင်းကုမ္ပဏီသည် အာဆင်နယ်နှင့် အားကစား အင်္ကျီဝတ်ဆင်ရေးဆိုင်ရာ စပွန်ဆာပေး စာချုပ်ထားသည်။ ယင်းစာချုပ်မှာ ပြီးခဲ့သည့် ၂၀၀၄ခုနှစ်ကဖြစ်ပြီး ငွေကြေးပမာဏပေါင်သန်း ၁၀၀ခန့် ရှိသောစာချုပ်ဖြစ်သည်။ ထိုစပွန်ဆာစာချုပ်မှာ အင်္ဂလန် ဘောလုံးလောက၌ ငွေကြေးအများဆုံး စာချုပ်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

ပုံစံတစ်မျိုး

အရှေ့အလယ်ပိုင်းမှ ရေနံသူဌေးစော်ဘွားများက အားကစားလောကသို့ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများ လှည့်ပြောင်းလာသည်။ သို့သော် ပုံစံကတစ်မျိုးဖြစ်သည်။ ဒူဘိုင်းအခြေစိုက် စီးပွားရေးလုပ်ငန်းရှင်များသည် ကမ္ဘာ့ပရိသတ်စိတ်ဝင်စားသော အင်္ဂလိပ် ပရီမီယာလိဂ် ကလပ်များကို အပြီးအပြတ်ဝယ်ယူကာ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည်မှာ မှန်၏။ သို့ရာတွင် အားကစားဆိုင်ရာ အခြားရင်းနှီးမြှုပ်နှံမှုများကိုမူ စပိန်၊ အီတလီ၊ ဂျာမနီတို့၌ ဖြန့်ခွဲလုပ်ဆောင်ထားကြသည်။

ဒူဘိုင်းအခြေစိုက် စီးပွားရေးလုပ်ငန်းရှင်များက ပရီမီယာလိဂ်၊ လာလီဂါ၊ စီးရီးအေနှင့် ဘွန်ဒက်စ်လီဂါ တို့အနက် ယခုအခါ စီးရီးအေဘက် ဦးတည်လာကြသည်။ နှစ်စဉ် အရပ်ရပ်စာရင်းချုပ်လျှင် စီးရီးအေက အကျိုးအမြတ်ပိုထွက်သည်ဟု တွက်လာကြသည်။ စီးရီးအေ အသင်းများအနက် အင်တာမီလန်နှင့် ဆွေးနွေးနေသော ဒူဘိုင်းအခြေစိုက် စီးပွားရေးကုမ္ပဏီသုံးခုရှိနေသည်ဟု ဆို၏။ ထို့အတူ ဂျူဗင်းတပ်စ်၊ ဖီအိုရင်တီးနားနှင့် ရိုးမား ကလပ်များနှင့်လည်း ဆွေးနွေးမှုများ ပြုလုပ်နေကြသည်။

ငွေလုံးငွေရင်း

ဒူဘိုင်းသူဌေး စော်ဘွားများကား ခန့်မှန်းရခက်သော ပရီမီယာလိဂ်ထက် အီတလီမြေမှ အားကစား သူရဲကောင်းများထံသို့ ငွေလုံးငွေရင်းများ စိတ်ချလက်ချ ပုံအပ်ကာ ရင်းနှီးမြှုပ်နှံဖို့ စီစဉ်နေကြပြီဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ရွှန်နေ ခေါင်းတိုက်ဂိုးများဖြင့် မန်ယူတို့အေစီကိုအနိုင်ယူ လီယွန်တို့ ရီရဲမက်ဒရစ်ကို အိမ်ကွင်း၌အနိုင်ရ

လန်ဒန် ဖေဖော်ဝါရီ ၁၇

ချန်ပီယံလိဂ် ၁၆သင်းအဆင့်ရဲ့ ပထမအကျော့ပွဲစဉ်များကို ဖေဖော်ဝါရီ ၁၇ရက် နံနက်၂နာရီ၁၅မိနစ်မှာ ကစားခဲ့ကြရာ အင်္ဂလန်အသင်းမှ နာမည်ကြီး မန်ယူတို့ အီတလီအသင်း အေစီမီလန်ရဲ့ ဆန်စီရိုကွင်းမှာ သွားရောက်ကစားရ

မန်ယူအတွက် အနိုင်ဂိုးသွင်းယူပေးသော ရွှန်နေအား ဂိုးသွင်းအပြီး ကစားဖော်များက ဤသို့ ဝိုင်းဝန်း ဂုဏ်ပြုခဲ့ကြသည်။

သော်လည်း သုံးဂိုး- နှစ်ဂိုးနဲ့အနိုင်ရပြီး စပိန်ထိပ်သီး ရီရဲမက်ဒရစ်တို့ကတော့ ပြင်သစ်အသင်း လီယွန်ကို အဝေးကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။

ဘက်ခမ်း

အေစီမီလန်နဲ့ မန်ယူပွဲမှာ မန်ယူ ကစားသမားဟောင်း ဒေးဗစ်ဘက်ခမ်း အေစီမှာ ပွဲစကတည်းက ပါဝင်ကစားခဲ့ပါတယ်။ ဒီအတွက် ဒေးဗစ်ဘက်ခမ်း အနေနဲ့ မန်ယူကို ဘယ်လို ကစားမလဲ ဆိုပြီး ပရိသတ်တွေက ပိုစိတ်ဝင်စားခဲ့ကြပါတယ်။

အေစီမီလန်မှာ ဂိုးသမား ဒီဒါ၊ နက်စတာ၊ အမ်ဘရှော့စီနီ၊ ပီယာလို၊ ဒေးဗစ်ဘက်ခမ်း၊ရော်နယ်ဒင်ဟိုနဲ့ပါတို့ အစရှိတဲ့ အဓိကကစားသမားများပါဝင် ကစားသလို မန်ယူမှာလည်း ဂိုးသမား ဗန်ဒါဆာ၊ ဖာဒီနန်၊ အီဗရာ၊ ပေါစခိုးလ်၊ ကာရစ်၊ နာနီနဲ့ ရွှန်နေက အထောင် တိုက်စစ်မှူးနေရာက ကစားခဲ့ပါတယ်။

အကဲစမ်း

ပွဲစစချင်း အေစီတို့ မန်ယူကို အကဲစမ်း ထိုးဖောက်ကစားခဲ့ပါတယ်။ အေစီတို့ ကွင်းလယ်မှာ အပေးအယူလုပ်ကစားရင်း သုံးမိနစ်မှာ မန်ယူဂိုးရှေ့ဖြတ်တင်ပေးသော ဘောလုံးကို ဖာဒီနန်ဖျက်ထုတ်လိုက်ရာမှ ရော်နယ်ဒင်ဟို ဘောလုံးရသွားပြီး ပါးပါး နပ်နပ်နဲ့ မန်ယူဂိုး ဘယ်ဘက်ထောင့်ထဲသို့ ကန်သွင်းလိုက်ရာ ဂိုးဝင်သွားတဲ့အတွက် အိမ်ရှင် ပရိသတ်တို့ ရွှင်မြူးအောင်ပွဲခံသံများ ဝေစည်သွားခဲ့ပါတယ်။

တိုက်စစ်

မန်ယူတို့ ဂိုးသွင်းခံရပြီးတဲ့နောက် အေစီဘက်သို့ ပြန်လည်တိုက်စစ်ဆင်ကစား ခဲ့ပါတယ်။ မိနစ် ၂၀မှာ ပေါစခိုးလ်ပေးတဲ့ ဘောလုံးကို ရွှန်နေဂိုးသွင်းရန် ကြိုးစား သော်လည်း ကန်ချက်လွဲခဲ့ပါတယ်။ အေစီမှ ရော်နယ်ဒင်ဟိုကလည်း မန်ယူနောက်တန်း ရာဖေးလ်ဘက်ခြမ်းမှနေ၍ ဖြတ်ကျော် ဂိုးသွင်းရန် ကြိုးစားတာကို မန်ယူနောက်တန်းနဲ့ ဂိုးသမားတို့ ဖျက်ထုတ်ကာကွယ်ခဲ့ကြရပါ တယ်။

အပြန်အလှန်

မန်ယူနဲ့အေစီတို့ အပြန်အလှန် ထိုးဖောက် ကစားရင်း ၃၆မိနစ်မှာ အေစီဘယ်ဘက် အခြမ်းမှ အီဗန် မတင်ပေးလိုက်သော ဘောလုံးကို ပေါစခိုးလ် ညာခြေနဲ့ လှမ်းကန် သော်လည်းမထိဘဲ ဘောလုံးက ဘယ်ခြေ ထောက်ကိုထိ၍ လည်ထွက်ကာ အေစီဂိုး ညာဘက်ထောင့်သို့ကပ်ပြီး ဂိုးဝင်သွားခဲ့ ပါတယ်။ မိနစ် ၄၀မှာ အေစီပယ်နယ်တီ စည်းအပြင်ဘက်မှ ကာရစ်အပြင်းကန်သွင်း ခဲ့ရာမှာ လွဲချော်ခဲ့ပါတယ်။

အေစီမီလန်တို့ ၄၃မိနစ်မှာ ဖရီးကစ် ကန်ခွင့်ရရာ ဒေးဗစ်ဘက်ခမ်းကန်သွင်း သော်လည်း ဂိုးမရခဲ့ဘဲ ပထမပိုင်းမှာ တစ်ဖက်တစ်ဂိုးစီနဲ့ ပြီးဆုံးခဲ့ပါတယ်။

ဒုတိယပိုင်း

ဒုတိယပိုင်းမှာ အေစီတို့မန်ယူဘက် ပိုမိုထိုးဖောက်ခဲ့ပြီး မန်ယူတို့ တောင်ပံ တိုက်စစ် မထိရောက်တဲ့အတွက် ၆၄မိနစ်မှာ နာနီကို ဗလင်စီယာနဲ့ လူစားလဲကစားခဲ့ရာ မန်ယူတောင်ပံတိုက်စစ် အသက်ဝင်ခဲ့ပြီး ၆၆မိနစ်မှာ အေစီဘယ်ခြမ်းမှ ဗလင်စီယာ ကန်တင်ပေးတဲ့ဘောလုံးကို ရွှန်နေက ခေါင်းတိုက်ပြီး ဒုတိယဂိုးသွင်းယူခဲ့ပါတယ်။

ဒေးဗစ်ဘက်ခမ်း ခြေစွမ်းသိပ်မပေါ် တဲ့အတွက် ဆီးဒေါ့ဖ်နဲ့ လူစားလဲခဲ့ပါတယ်။ ၇၄ မိနစ်မှာ ဖလက်ချာရဲ့ပေးပို့မှုမှ တစ်ဆင့် ရွှန်နေကပဲနောက်ထပ်ခေါင်းတိုက်ဂိုး တစ်ဂိုး သွင်းယူခဲ့ပါတယ်။ ပရီမီယာလိဂ်မှာလည်း ခေါင်းတိုက်ဂိုးများ သွင်းယူလာနိုင်သလို ချန်ပီယံလိဂ်မှာလည်း ရွှန်နေ ခေါင်းတိုက်ဂိုး သွင်းယူနိုင်တာကတော့ ထူးခြားပါတယ်။

အေစီဒုတိယဂိုး

မန်ယူဘက် အေစီထိုးဖောက်ကစားရင်း ၈၅မိနစ်မှာ မန်ယူဂိုးရှေ့ ရှုပ်ထွေးနေစဉ် ရော်နယ်ဒင်ဟို ထိုးပေးလိုက်သော ဘောလုံး ကို ဆီးဒေါ့ဖ်က ဘယ်ခြေနဲ့ အသာအယာ ပတ်သွင်းခဲ့လို့ အေစီတို့ ဒုတိယဂိုးရရှိခဲ့ပါ တယ်။ ၈၉ မိနစ်မှာ အေစီမှ ဆီးလ်ဗား ခေါင်းတိုက်သွင်းခွင့်ရခဲ့သော်လည်း လွဲချော် ခဲ့ပါတယ်။

ကာရစ်

အချိန်ပိုလေလွင့်ကစားချိန် ၉၂ မိနစ်မှာ မန်ယူဘက်က ရာဖေးလ်အစား ဘရောင်း ဝင်ရောက်ကစားပြီး မကြာမီကာရစ်နှစ်ဝါ တစ်နီနဲ့ ထုတ်ပယ်ခံရပါတယ်။ ပွဲပြီးဆုံးချိန် မှာတော့ အေစီတို့ မိမိအိမ်ကွင်း ပရိသတ် ရှေ့မှာ မန်ယူကို သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ရ ပါတယ်။ မန်ယူတို့အနေနဲ့ အေစီမီလန်ရဲ့ ဆန်စီရိုကွင်းမှာ အနိုင်ရရှိမှုဟာ သမိုင်းဝင် အောင်မြင်မှုပဲလို့ ဆိုရပါမယ်။

ဒုတိယအကျော့

မန်ယူတို့ ပထမအကျော့ အဝေးကွင်း မှာ အနိုင်ရရှိတဲ့အတွက် ဒုတိယအကျော့ အိမ်ကွင်းအိုးထရက်ဖို့ဒ်မှာ အေစီကို သရေကစားနိုင်ရင်ပဲ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ပြီမို့ အေစီတို့အနေနဲ့ ဖောင်ဖျက်ကစားရကိန်းရှိပါတယ်။

လီယွန်-ရီရဲမက်ဒရစ်

ပြင်သစ်အသင်း လီယွန်တို့ စပိန် ထိပ်သီး ရီရဲမက်ဒရစ်ကို အိမ်ကွင်းမှာ ဧည့်ခံကစားခဲ့ပါတယ်။ လီယွန်မှာ ဂိုးသမား လိုရစ်၊ ခရစ်၊ ဘွန်ဆောင်း၊ ဆစ်ဆိုကို၊ ဂိုဗူး၊ မက်ကွန်းနဲ့ ဒယ်လ်ဂါဒို အစရှိတဲ့ အဓိကအားထားရသူများ ပါဝင် ကစားခဲ့ပါတယ်။

ရီရဲမက်ဒရစ်မှာ ကာဆီးလက်စ်၊ အာဘီလိုအာ၊ ရာမို့စ်၊ မာဆယ်လို၊ အလွန်ဆို၊ ကာကာ၊ ဟီဂူအင်နဲ့ စီရော် နယ်ဒိုတို့ ပါဝင်ကစားကြပါတယ်။

လီယွန်တို့အိမ်ကွင်းမှာ ပရိသတ် အားနဲ့ ရီရဲတို့ကို ဖိကစားခဲ့ပြီး ရီရဲတို့ ကလည်း ကာကာနဲ့ အလွန်ဆိုတို့ရဲ့ ကွင်းလယ်ဖန်တီးပေးမှုမှနေ၍ ဟီဂူအင်နဲ့ စီရော်နယ်ဒိုတို့က ဂိုးရရှိရေး ကြိုးစားခဲ့ ပါတယ်။ လီယွန်မှ ဒယ်လ်ဂါဒို ကန်သွင်း မှုကို ကာဆီးလက်စ် ကာကွယ်ခဲ့ရသလို ရီရဲမှ ရာမို့စ်ရဲ့ အပိုင်ခေါင်းတိုက်ချက်မှာ လည်း ဂိုးဘားတန်းပေါ် ကျော်ခဲ့ရပါတယ်။

ပထမပိုင်း

ပထမပိုင်းမှာ အပြန်အလှန် ထိုးဖောက်ကစားရင်းနဲ့ ဂိုးမရှိ သရေကျ ခဲ့ပါတယ်။ ဒုတိယပိုင်းအစ ပွဲချိန် ၄၇ မိနစ်မှာ လီယွန်မှ မက်ကွန်းက ညာခြေ ဖြင့် အပြင်းကန်သွင်းခဲ့ရာ ဂိုးရရှိခဲ့ပါ တယ်။ ပွဲပြီးဆုံးချိန်အထိ ရီရဲတို့ ချေပဂိုး မသွင်းနိုင်ဘဲ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့် ခဲ့တဲ့အတွက် ဒုတိယအကျော့ အိမ်ကွင်း ဘာနေဗျူးမှာ ကစားတဲ့အခါ လီယွန်ကို နှစ်ဂိုးပြတ်ကစားနိုင်ပါမှ ရီရဲတို့ နောက် တစ်ဆင့် တက်လှမ်းနိုင်မှာ ဖြစ်ပါ တယ်။ ။ **(မြန်မာ့အလင်း)**

ဝင်းကျော်ဝင်း ရေးသားသည်

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ပီဒစ်ကို ခေါ်ယူရေး ဟန်တယ်လာကို အေစီအလိုက်ပေးဖွယ်

စီးရီးအေအသင်း အေစီမီလန်သည် မန်ယူခံစစ်မှူး ပီဒစ်ကိုခေါ်ယူရေး အတွက် တိုက်စစ်မှူး ဟန်တယ်လာကို အသုံးပြုဖွယ်ရှိကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ဟာဘီယာနိုခေါ်ယူရန် မန်စီးတီးနှင့် ချယ်လ်ဆီးတို့ စိုင်းပြင်း

ဆီဗီလာမှ ဘရာဇီးတိုက်စစ်မှူး လူးဝစ်ဖာဘီယာနိုသည် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ရေးကို ထည့်သွင်းစဉ်းစားမည်ဟု ဆိုခဲ့ပြီးနောက် မန်စီးတီးနှင့် ချယ်လ်ဆီးတို့က ၎င်းအားခေါ်ယူရန် စိုင်းပြင်းလျက်ရှိကြသည်။

ဖာဘရီဂတ်စ် အီးမရိတ်မှ မထွက်ခွာဟု အာရှာဗင်ယုံကြည်

အာဆင်နယ်ကွင်းလယ်ကစားသမား အာရှာဗင်က ၎င်း၏ကွင်းလယ်ကစားဖော် ဖာဘရီဂတ်စ်သည် နွေရာသီတွင် အာဆင်နယ်မှ ထွက်ခွာသွားမည်ဆိုပါကလည်း ၎င်းအနေဖြင့် ဖာဘရီဂတ်စ်အားနားလည်ကြောင်း၊ သို့သော်လည်း ဖာဘရီဂတ်စ် အနေဖြင့် အာဆင်နယ်မှ ထွက်ခွာသွားမည်မဟုတ်ဟု ယုံကြည်သည်ဟု ပြောကြားခဲ့ကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ကမ္ဘာ့လစာအများဆုံးဘောလုံးသမား စီရိုနယ်ဒို

ရီရဲမက်ဒရစ်ရောက် မန်ယူတောင်ပံကစားသမားဟောင်း စီရိုနယ်ဒိုသည် ကမ္ဘာပေါ်တွင် လုပ်ခလစာအများဆုံး ဘောလုံးသမားအဖြစ် မကြာသေးမီက ပေါ်တူဂီရှိ ဈေးကွက်ရှာဖွေရေးလုပ်ငန်းအေဂျင်စီက ထုတ်ပြန်သော သတင်း တစ်ရပ်တွင် ဖော်ပြထားကြောင်း၊ စီရိုနယ်ဒိုသည် တစ်နှစ်လျှင် အသားတင် လစာပေါင် ၁၁ဒသမ၃သန်းရရှိကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ဒါရီဂျီအက်စ်နာအား စပါးနှင့် ဘိုင်ယန်တို့က ခေါ်ယူရန်ကြိုးပမ်း

ရှက်တာဒိုးနက်မှ အသက် ၂၇နှစ်အရွယ်ရှိ အသင်းခေါင်းဆောင် ဒါရီဂျီအက်စ်နာအား စပါးနှင့် ဘိုင်ယန်မြူးနစ်တို့က ခေါ်ယူစာချုပ်ရန် ကြိုးပမ်း နေကြကြောင်း အိုင်အမ်စကောက်တီးကွမ်၌ ဖော်ပြသည်။

ချယ်လ်ဆီး၌ ၁၀နှစ်မျှဆက်နေလိုဟု ပီတာချက်ဖွင့်ဟ

ချယ်လ်ဆီးဂိုးသမား ပီတာချက်သည် ပြီးခဲ့သည့်လက အသင်းအတွက် လက်စွမ်းပြကာကွယ်ကာ အသင်းကို ရလဒ်ကောင်းများ ဆောင်ကြဉ်းပေးခဲ့ပြီးနောက် အသင်းတွင် ဆယ်စုနှစ် တစ်နှစ်တာမျှ ဆက်နေလိုသေးသည်ဟု ဖွင့်ဟခဲ့ကြောင်း သည်ဂါးဒီးယန်း၌ ဖော်ပြသည်။

ပက်ဗလူချင်ကို၏ ပြောင်းရွှေ့ကြေး ရက်နက်သတ်မှတ်

စပါးနည်းပြဟာရီရက်နက်သည် စပါးအသင်းတွင်နေရာမရဖြစ်နေသော ပက်ဗလူချင်ကို၏ ရုရှားအသင်း လိုကိုမိုးတစ်မော်စကိုသို့ ပြန်လည်ပြောင်းရွှေ့ကြေးကို ပေါင် ၁၀ဒသမ၅သန်းသတ်မှတ်ထားကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ဗြိတိန်မှ ဘာရီလိန်း လက်တစ်ကမ်းအလို ဆုဖလားနှင့်လွဲချော်

အသက် ၄၉နှစ်ရှိ ဗြိတိသျှဂေါက်သီး ကစားသမား ဘာရီလိန်းသည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသော အဗန်သာမာစတာဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်အောက် ၁၂ချက်သာလျှော့ရိုက်နိုင်ခဲ့သဖြင့် ဆုဖလားဆွတ်ခူးနိုင်သည့် အသက်ကြီးဆုံး ဥရောပဂေါက်သီးသမားအဖြစ်နှင့် လက်တစ်ကမ်းအလို၌ လွဲချော်ခဲ့ရကြောင်း၊ ယင်းပြိုင်ပွဲတွင် ဩစတြေးလျဂေါက်သီးသမား အင်ဒရူးဒေါ့တ်က သတ်မှတ်ရိုက်ချက်အောက် ၁၄ချက်လျှော့ရိုက်ပြီး ဗိုလ်စွဲခဲ့သည်။

ဒဗလျူဘီအို လိုက်ဝိတ်ချန်ပီယံ မစ်ချယ်နှင့်ကာဆီဒစ်လုမည်

ရှုံးပွဲမရှိအောင်ပွဲခံနေသော ဗြိတိသျှလက်ဝှေ့သမား ကီဗင်မစ်ချယ်သည် လာမည့် နွေရာသီတွင် ဒဗလျူဘီအိုလိုက်ဝိတ်တန်း ချန်ပီယံခါးပတ်လုပွဲအဖြစ် ဩစတြေးလျ လက်ဝှေ့သမား မိုက်ကယ်ကာဆီဒစ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရန် စီစဉ်ထားကြောင်း အင်တာနက်သတင်းကဖော်ပြသည်။

တင်းနစ်မယ် ဝင်နီယာကီ ဒူဘိုင်း အိုးပင်းကွာတားတက်ရောက်

ယူအေအီးနိုင်ငံတွင် ကျင်းပသော ဒူဘိုင်းအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဒိန်းမတ် တင်းနစ်မယ် ဝင်နီယာကီကဆလိုဗားကီးယားတင်းနစ်မယ်ဒိုမင်ကာအား ၆-၇၊ ၇-၆(၇-၂)ဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ကြောင်း အင်တာနက်၌ ဖော်ပြသည်။

ဗြိတိသျှအပြေးသမား ချန်ဘာ မီတာ၆၀ စံချိန်သစ်တင်

ဗြိတိသျှအပြေးသမား ဒီဝိန်းချမ်ဘာသည် ကမ္ဘာ့အင်ဒိုးချန်ပီယံရှစ်ပြိုင်ပွဲ မီတာ၆၀ပြိုင်ပွဲ လူရွေးပွဲတွင် ၆ဒသမ၅၀စက္ကန့်ဖြင့် အမြန်ဆုံး စံချိန်သစ်တင်နိုင်ခဲ့ ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ လှသီတာအိမ်ရာနေ
ဦးမြင့်ကြိုင် (ခရိုင်ဥပဒေအရာရှိ၊ ရန်ကုန်မြောက်ပိုင်းခရိုင်ဥပဒေရုံး)-ဒေါ်ခင်လှကြည်
တို့၏သား

မောင်ဝေယံမင်းကြိုင် B.C- Tech, U.C.S.Y

Project Officer(Nanyang Technological University, Singapore)

နှင့်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်နေ ဦးမြင့်လွင်-ဒေါ်ချိုချိုလှဲ့ တို့၏သမီး

မနှင်းအိခိုင် B.C.Sc(Hons),U.C.S.Y

တို့၏ ၁၂-၂-၂၀၁၀ရက် Park Royal Hotel (Ballroom) ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော ရှေ့နေချုပ် ဦးအေးမောင်၏ဇနီး ဒေါ်ခင်မြမြအားလည်းကောင်း၊ ၁၁-၂-၂၀၁၀ရက်တွင် တရားရုံးချုပ် ရန်ကုန်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးခြင်းနှင့် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော တရားရုံးချုပ် တရားသူကြီး ဦးဟန်ရှိန်နှင့်ဇနီး အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ သီဟသုဓမ္မသိင်္ဂီ ဒေါ်မြမြလေးတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်နှင့်ဇနီး ဒေါ်တင်ဌေးလှိုင်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၏ဇနီး ဒေါ်တင်တင်ဝင်းအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပါသော ဂုဏ်သရေရှိ ဧည့်သည်တော်များ၊ရှေ့နေချုပ်ရုံး၊တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ ဂုဏ်သရေရှိ တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရှေ့နေများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး သီချင်းသီဆိုပေးပါသော တေးသံရှင် အကယ်ဒမီဒေါ်ချိုပြုံး၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော The Aces တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မောင်ဟိန်းထက်အာကာ၊ မဖူးပွင့်ငွေစင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မအိအိသိမ့်၊ မင်္ဂလာသတို့သားနှင့် သတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးသော မောင်ဇေယျာမင်းကြိုင်နှင့် မမိုးသီတာစိုး၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်ဆံပင် ခင်စန်းဝင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော စိုင်းဘုန်းထူး၊ Park Royal Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် အခမ်းအနားတစ်ရပ်လုံး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝေယံမင်းကြိုင်-မနှင်းအိခိုင်။

ကျေးဇူးတင်လွှာ

ဦးညွန့်ဝေ(သတင်းထောက်မှူး-The New Light of Myanmar)-(ဒေါ်ရှုရှီ)တို့၏သားကြီး၊
မောင်ဇမင်းသူ LL.B (Grand Wynn Enterprise) -
မစိုးစိုးသိန်း (New Link Co.,Ltd.)တို့၏အစ်ကို

မောင်သန်းဇော်ဦး

B.A(Myanmar), International Diploma in Computer Studies (NCC-UK)
1st Year (Dip; in Japanese) Y.U.F.L
Counselor, Population Services International - Myanmar

နှင့်

ဦးခင်မောင်တိုး [အငယ်တန်းအင်ဂျင်နီယာ(၁)-မြို့ပြ၊ ပ.ဆ.င]-
ဒေါ်ညိုညိုဝင်း [စာရင်းကိုင်(တ)၊ ပ.ဆ.င၊ ငြိမ်း] တို့၏တစ်ဦးတည်းသောသမီး
ကိုမျိုးသန့်ဝင်း M.Sc (Physics)-
မခင်ဝင်းအေး B.Sc (Physics) Q (မြရည်နန္ဒာဆီဆိုင်-မုံရွာမြို့)တို့၏ညီမ

ဒေါက်တာသက်နွေးအိ

M.B.,B.S (Mdy)
Demonstrator, Department of Preventive and Social Medicine
University of Medicine (Mandalay)

တို့၏ ၁၂-၂-၂၀၁၀ရက် (သောကြာနေ့)တွင် Chatrium Hotel Pool Garden တွင် ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော အဘိုးလေး ဦးတင်ထွဋ်နိုင် (တရားသူကြီး-ငြိမ်း)နှင့်ဇနီး အဘွားလေး ဒေါ်စောသီရိသိင်္ဂီ၊ ဒေါက်တာဒေါ်ညိုညိုမြင်း (Deputy Country Director, PSI Myanmar) အားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်နှင့်ဇနီး ဒေါ်နုနုဆွေ၊ ဦးစိုးဝင်း (ဦးဆောင်ညွှန်ကြားရေးမှူး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)နှင့်ဇနီး ဒေါ်သန်းသန်းအေးအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော စစ်ဘက် နယ်ဘက်မှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော သမီးလေး မဆုလတ်မွန်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဒေါ်ယဉ်ယဉ်လှအားလည်းကောင်း၊ မင်္ဂလာဝတ်စုံများဆင်မြန်းပေးသော မညွန့်ညွန့်ဝေ(ရွှေနဒီ)နှင့် Yes I do အားလည်းကောင်း၊ အလှပြုပြင်ပေးသော မခိုင်ခိုင်လတ် (Konoml) အားလည်းကောင်း၊ မှတ်တမ်းတင်ရိုက်ကူးပေးသော Yes I Do မှ အဖွဲ့သားများအားလည်းကောင်း၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော Chatrium Hotel မှ ဝန်ထမ်းများ၊ သူငယ်ချင်းများအားလုံးကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်သန်းဇော်ဦး-ဒေါက်တာသက်နွေးအိ။

မူဆယ်မြို့နယ်၌ စာပေဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

မူဆယ် ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ် တီးမကျေးရွာရှိ ရွှေပြည်သစ် လူငယ်ပြုစုပျိုးထောင်ရေးဌာန သင်တန်းခန်းမ၌ ဖေဖော်ဝါရီ ၉ရက် နံနက်ပိုင်းက စာပေဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပရာ ရှေးဦးစွာ ဌာနတာဝန်ခံ ရဲမှူးကျော်ကျော်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် စာအုပ်လှူဒါန်းပွဲကျင်းပရာ အလှူရှင်များကိုယ်စား သိန်းဇော်(ရွှေလီဦး) က သုတရသစာအုပ်များကို လှူဒါန်းရာ ဌာနတာဝန်ခံ ရဲမှူးကျော်ကျော်က လက်ခံယူပြီး ဆက်လက်၍ သင်တန်းသားများအတွက် နမ့်ခမ်းမြို့ အထက်တန်းကျောင်းမှ ဆရာမ ဒေါ်နန်းကြာမွှေးက အလှူငွေကျပ် ၂၀၀၀၀ လှူဒါန်းရာ ဒုတိယရဲမှူး သိန်းစိုးက လက်ခံယူသည်။

စာပေဟောပြောပွဲ

ဆက်လက်၍ စာပေဟောပြောပွဲ ကျင်းပရာ သိန်းဇော်(ရွှေလီဦး)၊မျိုးခိုင် (မူဆယ်)၊နိုင်မျိုးသစ္စာ(နမ္မတူ)၊ညီ (နမ့်ခမ်း)နှင့် ဇော်မျိုးဟန် (ငါးသိုင်းချောင်း)တို့က အသိပညာပေး သုတရသစာပေရေးရာများကို ဟောပြောကြကြောင်း သိရသည်။ **(၁၅၃)**

ဆရာဝန်များ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုသင်တန်း ပို့ချမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံဆရာဝန်များအသင်း Project Management Unit က ကြီးမှူးဖွင့်လှစ်မည့် Leadership and Management for Medical Professionals (Basic) သင်တန်းကို ဖေဖော်ဝါရီ ၂၂ရက် မွန်းတည့် ၁၂နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည် မြန်မာနိုင်ငံဆရာဝန်အသင်းရုံး ဖုန်း-၃၈၀၈၉၉၊ ၃၉၄၁၄၁ (လိုင်းခွဲ ၁၁၉)သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂၄၀/၂၄၂)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်ဟုခေါ်တွင်သည့် နှစ်ထပ်အိမ်ဟောင်းနှင့်တည်ရာမြေကွက်နှင့်စပ်လျဉ်း၍ အများသိစေရန်ကြော်ငြာ

၁။ ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃-F 3)၊

မြေကွက်အမှတ် 4.1st Northern ¼ of Western 1/2 - / 4.2nd Northern ¼ of Western 1/2 (ပထမတန်းစား)၊

မြေအကျယ် ၂၅ပေ×၅၇ပေ.ဖလက်မ / ၂၅ပေ×၅၇ပေ.ဖလက်မ နှစ်ကွက်ပေါင်း (ပေ၅၀×၅၇ပေ ဒသမ ဖလက်မ) မြေပိုင်မြေမျိုး၊ မြေအမည်ပေါက် ဦးတင်မြင့်ဟု မှတ်သားထားသော မြေကွက်နှင့် ယင်းမြေကွက်နှစ်ကွက်ပေါ်ရှိ အမှတ်(၂၄၀/၂၄၂)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်ဟု ခေါ်တွင်သော မြေညီထပ်လေးခန်း၊ ပထမထပ်နှစ်ခန်း (မူလအိမ်ငှားခြောက်ဦး)ပါဝင်သော နှစ်ထပ်အဆောက်အအုံဟောင်းနှင့်စပ်လျဉ်း၍ မူလမြေရှင်ဟောင်း ဒေါ်ပေါ်ငိုက်နှင့် မူလကန်ထရိုက်တာ ဦးထွန်းရှင်တို့ ချုပ်ဆိုထားသည့် ၂၇-၉-၁၉၈၉ရက်စွဲပါ ကန်ထရိုက်စာချုပ်နှင့် ၂၈-၉-၁၉၈၉ရက်စွဲပါ ဒေါ်ပေါ်ငိုက်က ဦးထွန်းရှင်သို့ပေးထားသည့် အထူးကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်(၂၄၂၆/၈၉)တို့ကို ယခုလက်ရှိမြေပိုင်ရှင်ဦးတင်မြင့် ၁၂/မဂတ(နိုင်)၀၄၂၄၅၃နှင့် ဦးထွန်းရှင် ၁၂/ပဘတ(နိုင်)၀၁၄၉၃၀တို့ ချုပ်ဆိုသည့် ၁၅-၂-၂၀၁၀ရက်စွဲပါ နှစ်ဖက်သဘောတူကတိစာချုပ်အရ ဖျက်သိမ်းလိုက်ပြီး ဖြစ်ပါကြောင်းနှင့် ရန်ကုန်တိုင်း၊ တွဲဖက်(၅)တိုင်းတရားရုံးတွင် တရားမကြီးအမှုအမှတ်(၁၂၈/၂၀၀၉) ဖြင့် တရားလို ဦးထွန်းရှင်က တရားပြိုင် ဦးပီငင်ဇာသန်းပါ ငါးဦးအပေါ် စွဲဆိုထားသည့် တရားမကြီးအမှုကိုလည်း တရားလိုဦးထွန်းရှင်က ၁၅-၂-၂၀၁၀ရက် ရုံးချိန်းတွင် တရားမကျင့်ထုံးကိုဥပဒေအမိန့်၂၃၊ နည်း(၁) (၁)အရ ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းခွင့်လျှောက်ထားခဲ့ရာ ရုံးတော်က ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

၂။ သို့ပါ၍ မြေကွက်များနှင့်အိမ်ဟောင်းသည် မြေပိုင်ရှင်ဦးတင်မြင့်၏ လက်ဝယ်တွင်ရှိ၍ မြေပိုင်ရှင်ဦးတင်မြင့်သည် မူလအိမ်ငှားများနှင့်ညှိနှိုင်းကာ လွတ်လပ်စွာ စိတ်ကြိုက်စီမံခန့်ခွဲခွင့်ရှိပြီဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့၏မိတ်ဆွေဦးတင်မြင့်၏ မြေနှင့် အိမ်အမည်ပေါက်ပိုင်ဆိုင်ခွင့်အပေါ် မည်သူမျှ ထိပါးနှောင့်ယှက်ခြင်းပြုလုပ်ပိုင်ခွင့် မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
၁။ ဦးလှမြင့်(ဒဂုံ)စဉ်-၉၀၁၂ ၂။ ဦးတင်အောင်ကြည်(တောင်သုံးလုံး)စဉ်-၃၀၇၂၂
အထက်တန်းရှေ့နေများ
အခန်းအမှတ်(၂၀၂/D)၊ သုံးလွှာ၊ တိုက်(၉/၁၁)၊ ၃၆လမ်း(လမ်းတို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၃၄၃၆၉၊ ၀၉-၅၀-၃၁၈၁၀။



ဖေဖော်ဝါရီ ၆ရက်က ဗဟန်းမြို့နယ် အမှတ်(၁၃) အခြေခံပညာ မူလတန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်နှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရရှိသည့် မောင်စစ်သွေးအောင်အား ကျောင်းအုပ်ဆရာကြီး ဦးဝေနိုင်မြင့်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ပင်လုံမြို့၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား (၄)ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့၊ မြို့နယ်ဘောလုံးကွင်းအတွင်း (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအား ဖေ(၂)ရက်မှ စတင်ကျင်းပခဲ့ရာ ဖေ(၁၆)ရက် ည (၈)နာရီခွဲတွင် အောင်မာဃဇာတ်မီးစက်ရုံအနီးတွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့သည်။ ပေါက်ကွဲမှုကြောင့် ဦးစိုင်းနွံ (ဘ)ဦးလုံးတိ၊ ရပ်ကွက်(၂)၊ ပင်လုံမြို့နေအပါအဝင် (၄)ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ပင်လုံမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ပေါက်ကွဲမှုအား အက်စ်အက်စ်အေ(ရှက်ဆစ်) သောင်းကျန်းသူအဖွဲ့(၁)ဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး တရားခံများ ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဒေသခံပြည်သူများနှင့် လုံခြုံရေးတာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လောက်ကိုင်မြို့၌ မိုင်းများပေါက်ကွဲ (၉)ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့၊ တုံချိန်ရပ်ကွက်အစွန်၊ ဈေးဟောင်းနေရာ၌ ဖေ(၁၇)ရက် နံနက်(၁)နာရီ (၂၅)မိနစ်နှင့် (၂)နာရီ (၂၀)မိနစ်ခန့်တွင် မိုင်း(၂)လုံး ပေါက်ကွဲခဲ့သည်။ ပေါက်ကွဲမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိဘဲ ၎င်းပတ်ဝန်းကျင်အား ရှာဖွေရှင်းလင်းရာ မပေါက်ကွဲသေးသော အသင့်တပ်ဆင်ထားသည့် ထိန်းချုပ်ခွဲစနစ်သုံး မိုင်း(၄)လုံးအား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။ မိုင်းဖောက်ခွဲမှုနှင့်ပတ်သက်၍ ဒေသခံပြည်သူများနှင့် လုံခြုံရေးတာဝန်ရှိသူများမှ ကြိုးပမ်းဖော်ထုတ်ခဲ့ရာ တရားခံတစ်ဦးကို ဖော်ထုတ်ဖမ်းဆီးရမိထားပြီးဖြစ်ရာ ၎င်းဖောက်ခွဲမှုတွင် ပါဝင်ခဲ့သူများမှာ တရားခံပြေးများဖြစ်သော ဖုန်ကြားရှင်၊ ဖုန်ကြားဖူး၊ ဖုန်တာ့ရှင်၊ ဖုန်တာ့လီတို့၏ ယခင်မြန်မာပြည်အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော်(ကိုးကန့်အဖွဲ့)မှ ဖြစ်ကြောင်း သိရှိရသည်။

အလားတူ ဖေ(၁၅)ရက် နံနက် (၈)နာရီ (၅)မိနစ်နှင့် (၈)နာရီခွဲ၌ တုံချိန်ရပ်ကွက်၊ မူးယစ်ဆေးဝါးပြတိုက်ရှေ့ ပန်းခြံနှင့် ကစားကွင်းအတွင်း မိုင်း(၂)လုံးပေါက်ကွဲခဲ့ပြီး၊ ရှောက်စီးယွမ် (ဘ)ဦးရှောက်စီးဖာ၊ နမ့်ကျွမ်းရွာ၊ ကွမ်းလုံမြို့နယ်အပါအဝင် (၆)ဦးနှင့် ချန်ဖိန်းဟု (ဘ)ဦးဒန်တုံးဖန်း၊ ဖူလန်မြို့၊ ဖူလန်ပြည်နယ်၊ တရုတ်နိုင်ငံအပါအဝင် တရုတ်နိုင်ငံသား (၃)ဦး စုစုပေါင်း (၉)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ပေါက်ကွဲမှုနေရာဝန်းကျင်အား ရှင်းလင်းရှာဖွေရာ မပေါက်ကွဲသေးသော အသင့်တပ်ဆင်ထားသည့် ထိန်းချုပ်ခွဲစနစ်သုံး မိုင်း(၂)လုံးအား ရှာဖွေသိမ်းဆည်းရမိခဲ့ပြီး ၎င်းပေါက်ကွဲမှုမှာလည်း အထက်ပါ တရားခံပြေးများဖြစ်သော ဖုန်ကြားရှင်၊ ဖုန်ကြားဖူး၊ ဖုန်တာ့ရှင်၊ ဖုန်တာ့လီတို့၏ ယခင်မြန်မာပြည်အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော်(ကိုးကန့်အဖွဲ့)မှပင် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့ အထက(၁) အောင်ဆန်းခန်းမ၌ ဇန်နဝါရီ ၃၁ရက်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာဆွေးနွေးပွဲ ကျင်းပရာ မိုးညှင်းခရိုင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဦးတင်လှိုင်က အမှာစကားပြောကြားစဉ်။ (၀၀၂)

ပြည်ထောင်စုနေ့အခမ်းအနား လပွတ္တာ၌ကျင်းပ

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁၇

ဧရာဝတီတိုင်း လပွတ္တာခရိုင် လပွတ္တာမြို့နယ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၇နာရီက လပွတ္တာမြို့ ရတနာဒီပ အားကစားကွင်း၌ကျင်းပရာ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသူ ကျောင်းသားများ၊ ပြည်သူများတက်ရောက်ကြသည်။ ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံမှပေးပို့သော ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦးက ဖတ်ကြားသည်။ အလားတူ မော်လမြိုင်ကျွန်းမြို့နယ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၇နာရီက မော်လမြိုင်ကျွန်းမြို့ လွတ်လပ်ရေး ပန်းခြံဝင်းအတွင်း၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံမှ ပေးပို့သော ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က ဖတ်ကြားသည်။ **(၁၄၂)**

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဖေဖော်ဝါရီလ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၁ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် တော်ဝင်မင်္ဂလာဒုံဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

18-2 (12).pmd 1 2/18/2010, 1:38 AM

ဟသ်ာတလက်ပန်ကုန်း အမက ပညာရည်ချွန်ဆုချီးမြှင့် နံရံကပ်စာစောင်ပြပွဲနှင့် စာပေဟောပြောပွဲကျင်းပ

ဟသ်ာတ ဖေဖော်ဝါရီ ၁၄

ဟသ်ာတမြို့နယ် တောင်ဂလုံကျေးရွာအုပ်စု လက်ပန်ကုန်းကျေးရွာ အမကကျောင်း ၂၀၀၈-၂၀၀၉ပညာရည်ချွန်ဆုပေးပွဲ၊ ဟသ်ာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန နံရံကပ်စာစောင်ပြပွဲနှင့် လက်ပန်ကုန်းရွာ ဆောင်းနှင်းဝေ စာကြည့်တိုက် တတိယအကြိမ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၅ရက် ညနေ ၆နာရီက လက်ပန်ကုန်း အမကကျောင်းရှေ့ရှိ အားကစားကွင်း၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် လက်ပန်ကုန်း အမကကျောင်းအုပ်ဆရာမကြီး ဒေါ်ဝေဝေက အခမ်းအနားကျင်းပရခြင်းကို ရှင်းလင်းပြောကြား၍ ဟသ်ာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော နံရံကပ်စာစောင်ပြပွဲသို့ တက်ရောက်လာသူများက ကြည့်ရှုကြသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူလေးများက အကပဒေသာများဖြင့် တင်ဆက်ကပြကြပြီး ဆုရသူများအား ကျောင်းအကျိုးတော်ဆောင်များက ဆုများ အသီးသီး ပေးအပ်ကြသည်။ ထို့နောက် စာပေဟောပြောပွဲကို ကျင်းပရာ စာရေးဆရာ စောမောင်(ယော)နှင့် ဦးသက်လှိုင်(တိုင်းရင်းဆေး)တို့က သုတရသစာပေများ ဟောပြောကြသည်။ (၁၇၇)

မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော အလယ်ကျောင်းကျေးရွာ နှစ်လက်မ အလျှုရှင်စက်ရေတွင်း တူးဖော်ခြင်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးကျော်ဇေလတ်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လူတိုင်းသက်တမ်းစေ့ ကျန်းမာစွာ နေထိုင်နိုင်ရေး ဧရာဝတီတိုင်း၌ ကျန်းမာရေးပညာပေး စာပေဟောပြောဆွေးနွေး

ပုသိမ် ဖေဖော်ဝါရီ ၁၆

ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံး၊ ကျန်းမာရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်းစီမံ ကြီးကြပ်လျက် ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရုံးတို့မှ ဦးစီးကျင်းပသော ကမ္ဘာ့ လူတုပ်ကွေး၊ ကြက်၊ ငှက်၊ ဝက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှု လူထုကျန်းမာရေး ပညာပေး စာပေဟောပြောဆွေးနွေးပွဲများကို ပုသိမ်ခရိုင်၊ မြောင်းမြခရိုင်၊ ဟသ်ာတခရိုင်၊ လပွတ္တာခရိုင်၊ ဖျာပုံခရိုင်၊ မအူပင်ခရိုင် ခြောက်ခရိုင်အတွင်းရှိ မြို့နယ် ၃၀ တို့၌ ကျင်းပခဲ့သည်။

သုတ၊ ရသ စာပေရေးရာ

ပုသိမ်ခရိုင် ပုသိမ်မြို့ ကမ်းနားလမ်း မြို့တော်ခန်းမ၌ ကမ္ဘာ့လူတုပ်ကွေးနှင့် ကြက်၊ ငှက်၊ ဝက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်မှု လူထုကျန်းမာရေး ပညာပေး စာပေဟောပြောဆွေးနွေးပွဲကို ဇန်နဝါရီ ၁၆ရက် မွန်းလွဲ ၂နာရီခွဲက ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးသန်းမြင့်၏ ကျန်းမာရေး သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးပါစီ (ကိုယ်စား) ဒုတိယဦးစီးမှူး ဦးကျော်ဇော က ဖတ်ကြားနှုတ်ခွန်းဆက် ဖွင့်လှစ်ပေးပြီး တိုင်းကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်မင်းထွန်းက ကမ္ဘာ့လူတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်မှု ကျန်းမာရေး ပညာပေး ဟောပြောခြင်း၊ စာရေးဆရာ၊ အယ်ဒီတာ၊ ဒါရိုက်တာ ဖွန့်မောင်မောင် **(အပေါ်ပုံ)** က မိမိကိုယ်ကိုမိမိ ကျန်းမာရေးစောင့်ရှောက်မှု အတတ်ပညာ ဟောပြော ဆွေးနွေးခြင်း၊ အောင်စိုး(တိ/က)က ရသစာပေဟောပြောခြင်း၊ မောင်လွှမ်းနွယ်(အောင်လံ)က မြင်းမိုရ်တောင်သို့ ဦးခိုက်ခြင်းဟောပြောပြီး ခရိုင်ဥက္ကဋ္ဌဦးသန်းမြင့် (ကိုယ်စား) ဒုတိယဦးစီးမှူး ဦးကျော်ဇောက အမှတ်တရဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို စာရေးဆရာကြီးများအား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ကျင်းပ

ယင်းလူထုကျန်းမာရေး ပညာပေး စာပေဟောပြောဆွေးနွေးပွဲများကို ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့တွင် ဇန်နဝါရီ ၁၇ရက်၊ ကျောင်းကုန်းမြို့တွင် ၂၂ရက်၊ ကျုံပျော်မြို့တွင် ၂၃ရက်၊ ရေကြည်မြို့တွင် ၂၄ရက်၊ သာပေါင်းမြို့၌ ၂၆ရက်တို့တွင် ဒါရိုက်တာဖွန့်မောင်မောင် ဦးစီးသော စာပေ၊ ဂီတ၊ ရုပ်ရှင်အနုပညာရှင်များနှင့် ဒေသဆိုင်ရာ ကျန်းမာရေးဦးစီး ဌာနဦးစီးမှူး၊ ဆရာဝန်ကြီးများ၊ တိရစ္ဆာန်ဆေးကု ဆရာဝန်ကြီးများနှင့်အတူ တိုင်းရင်းသားပြည်သူများအား လူနှင့်တိရစ္ဆာန်တို့တွင် ရာသီအလိုက်ဖြစ်ပေါ်လေ့ရှိသော ရောဂါဆန်းများ လူသားများသို့ မကူးစက်ရေး ကြိုတင်ကာကွယ်ထိန်းချုပ်မှု၊ လူထုကျန်းမာရေး ပညာပေးစာပေ ဟောပြောဆွေးနွေးပွဲများကို စဉ်ဆက်မပြတ်ကျင်းပခဲ့ကြောင်း သိရသည်။ **(ခရိုင် ထွေ/အုပ်ဦးစီး)**

ပျော်ဘွယ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရွေးချယ်တင်မြှောက်

ရမည်းသင်း ဖေဖော်ဝါရီ ၁၀

ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ်မြောက် မျက်နှာစုံညီ အစည်းအဝေးကို ဒီဇင်ဘာ ၂၅ရက် မွန်းလွဲ ၁နာရီက မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ယာယီရုံးခန်း၌ ကျင်းပသည်။ အစီအစဉ်အရ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူးဦးညွန့်လှိုင်က နှစ်ပတ်လည် အစီရင်ခံစာကို ဖတ်ကြားသည်။

ထို့နောက် အမှုဆောင်အဖွဲ့သစ်ကို စည်းကမ်းချက်နှင့်အညီ အများဆန္ဒဖြင့် ပြန်လည်ရွေးချယ်တင်မြှောက်ကြရာ ဥက္ကဋ္ဌ ဦးဝင်းမြင့်(မင်းစန္ဒီ- ဒဿန)၊ အတွင်းရေးမှူး ဦးမြင့်သိန်း(မြင့်သိန်း-ရွှေတောင်ချည်ထည်)၊ အတွင်းရေးမှူး ဦးညွန့်လှိုင်(မောင်လွင်ယု)နှင့် အဖွဲ့ဝင် ငါးဦးအား ရွေးချယ်ပြီး ညီလာခံကိုယ်စားလှယ်အဖြစ် ဦးဝင်းမြင့်(မင်းစန္ဒီ- ဒဿန)အား ရွေးချယ်ကြကာ ရွေးချယ်ခံအမှုဆောင်အဖွဲ့ ကတိသစ္စာခံယူကြသည်။ (၂၆၉)

စာကြည့်တိုက်များ တည်တံ့ခိုင်မြဲရေး သံတွဲမြို့၌ ဆွေးနွေး

သံတွဲ ဖေဖော်ဝါရီ ၁၆

သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိမိသက်သည် ဇန်နဝါရီ ၂၉ရက်က သံတွဲခရိုင်ဦးစီးအရာရှိ ခန်းမ၌ သံတွဲ၊ တောင်ကုတ်၊ ဂွ၊ ကျိန္တလီ၊ မအီမြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများနှင့် တွေ့ဆုံ၍ နိုင်ငံတော်ခွင့်ပြုငွေဖြင့် ဆောက်လုပ်သည့် စာကြည့်တိုက်များ အချိန်မီပြီးစီးရေးနှင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အကုန်တွင် ပြီးစီးရေး၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လုပ်ငန်းများကို ဆွေးနွေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးများက စာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှုနှင့် စာအုပ်စာစောင်တိုးပွားရေး၊ စာကြည့်တိုက် ရန်ပုံငွေထူထောင်ရေးလုပ်ငန်းများ ပြန်လည်ဆွေးနွေးကြသည်။ *(ခရိုင် ပြန်/ဆက်)*

မြို့သာယာလှပရေး

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေး မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ခုနှစ် မြို့သန့်ရှင်းသာယာလှပရေးအတွက် မိုးနဲ-လင်းခေး-မိုင်းပန် လမ်းဆုံနေရာတွင် လမ်းဘေးကပ်တုံးများ ပြုလုပ်ဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးစိုင်းရန်နိုင်ဦး စစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇေယျာမင်း ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စာငှားစနစ်ကျင့်သုံးရေး ကွင်းဆင်းဆောင်ရွက်

ဆင်ဘို ဖေဖော်ဝါရီ ၁၁

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးဒေါ်တိုးတိုးမေသည် တောပင်လုံကျေးရွာ အလင်းရောင်စာကြည့်တိုက်၌ ဇန်နဝါရီ ၇ရက် နံနက် ၁၁နာရီက ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြတ်နှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စံ(၅)ချက်နှင့် ပြည့်စုံရေး၊ ရန်ပုံငွေတိုးပွားရေးအတွက် စာငှားကတ်စနစ်ကျင့်သုံးပုံနည်းလမ်းများကို ပြောကြားသည်။ ***(မြို့နယ် ပြန်/ဆက်)***

ကောက်လှိုင်းစပါး စုပုံနားမီးများမထားနှင့်

ပြည်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးရွှေဝင်းက ငွေကျပ်သုံးသိန်းတန်ဖိုးရှိ သုတရသ၊ စာအုပ်စာစောင်များ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၃ရက်က ပြည်မြို့ ယဉ်ကျေးမှုပြတိုက်၌ ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်ညွန့် လက်ခံယူစဉ်။

(တိုင်း ပြန်/ဆက်)

မင်းတုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် မဲဇလီကျေးရွာလက်တူးတွင်းတူးဖော်နေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသာညွန့် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးဝင်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကျိုက်ထိုမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲ ကျင်းပ

ကျိုက်ထို ဖေဖော်ဝါရီ ၁၅

ကျိုက်ထိုမြို့နယ် ကင်ပွန်းချောင်းကျေးရွာတွင် မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေး ဟောပြောပွဲနှင့် သရုပ်ပြပွဲကို ဇန်နဝါရီ ၂၅ရက်က ကျေးရွာဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အောင်ဝင်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွေးနှင့် တပ်ဖွဲ့ဝင်များ၊ ကျိုက်ထီးရိုးဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးစံမြင့်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူရလှိုင်နှင့် အဖွဲ့ဝင်များ၊ ဈေးဆိုင်ခန်းပိုင်ရှင်များနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

ပညာပေးဟောပြော

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်က ဈေးဆိုင်ခန်းများ မီးဘေးလုံခြုံရေးကို လည်းကောင်း၊ ကျိုက်ထီးရိုး ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးစံမြင့်က ဈေးဆိုင်ခန်းများ မီးဘေးလုံခြုံရေးအတွက် လိုက်နာရမည့် စည်းကမ်းချက်များကို လည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွေးက မီးဘေးကြိုတင် ကာကွယ်ရေးဆိုင်ရာများကို လည်းကောင်း ပညာပေးဟောပြောကြသည်။

လက်တွေ့သရုပ်ပြ

ထို့နောက် မီးသတ်ယာဉ် နှစ်စီး၊ မီးသတ်ရေသယ်ယာဉ် တစ်စီးဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)



စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးဆွေးနွေး

မန်စီ ဖေဖော်ဝါရီ ၁၂

ဗန်းမော်ခရိုင် မန်စီမြို့နယ် မိုင်းခေါင်ကျေးရွာအုပ်စု အတွင်းရှိ ပန်ဆတ်ရွာ၊ နမ့်ခူရွာ၊ တောင်လိန်ကျေးရွာများတွင် စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး၊စာအုပ်စာစောင်တိုးပွားရေး၊ စံ(၅)ချက်နှင့်အညီ စာကြည့်တိုက်များဖြစ်ပေါ်ရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၃ရက် မွန်းတည့် ၁၂နာရီက မိုင်းခေါင်ကျေးရွာ ကျေးဇူးတော်စာကြည့်တိုက်၌ ကျင်းပသည်။

စာငှားစနစ်ကျင့်သုံး

အဆိုပါ အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးနန်ဖေ့ဖုန်ဆန်းက စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များ ဖြစ်ပေါ်ရေးနှင့် စာငှားကတ်စနစ် ကျင့်သုံးဆောင်ရွက်ရေးတို့ကို ဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည့် ရခိုင်ပြည်နယ် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲပြိုင်ပွဲကြီး

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း-သာညဏ် (သတင်းစဉ်)
စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

နေပြည်တော် ဖေဖော်ဝါရီ ၁၇

မာန်အောင်ကျွန်း ကျွန်းပတ်လမ်းကြီးဖွင့်ပွဲအပြီး ဌာနေကို မပြန်ဖြစ်သေးဘဲ မာန်အောင်မြို့မှတစ်ဆင့် တောင်ကုတ်မြို့မှာ တစ်ညတာဝင်ရောက်တည်းခို အနားယူရင်း နောက်တစ်နေ့မှာ မလိခအမြန်ရေယာဉ်နဲ့ စစ်တွေမြို့ကို ကျွန်တော်ခရီးဆက်ခဲ့သည်။

ပန်းမန်ပြပွဲပြိုင်ပွဲ

စစ်တွေမြို့ကိုရောက်တော့ ဝေသာလီအားကစားကွင်း၌ ဒုတိယအကြိမ်အဖြစ် ကျင်းပသည့် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ရခိုင်ပြည်နယ် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန် ပြပွဲပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို တက်ရောက် သတင်းရယူခွင့် ကြုံခဲ့ပြန်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

ဖွံ့ဖွံ့ထွားထွား ကြီးကြီးမားမားရှိလှသည့် သစ်သီးဝလံများကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-သာညဏ် (သတင်းစဉ်)

အချိန်အခါမဟုတ် မိုးရွာဖွယ်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ယနေ့နံနက် ၁၁နာရီခွဲ တိုင်းထွာချက်များအရ မြန်မာနိုင်ငံဘက်ဆီသို့ အနောက်မြောက်ဘက်မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့် ယနေ့မွန်းတည့်မှ နောက်၄၈နာရီအတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

AFC Challenge Cup 2010 ဘောလုံးပြိုင်ပွဲ

မြန်မာ့လက်ရွေးစင်အသင်းက အိမ်ရှင် သီရိလင်္ကာအသင်းကို ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အာရှဘောလုံးအဖွဲ့ချုပ် (AFC) က ကြီးမှူးကျင်းပသော AFC Challenge Cup 2010 ဘောလုံးပြိုင်ပွဲကို ယမန်နေ့ မြန်မာစံတော်ချိန် ညစနာရီတွင် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့၌ ကျင်းပရာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက ပွဲဦးထွက်အဖြစ် အိမ်ရှင် သီရိလင်္ကာလက်ရွေးစင်ဘောလုံးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိသွားသည်။

အနိုင်ရရှိ

ပထမပိုင်း ၃၇မိနစ်တွင် ကျော်သီဟက စတင်ဂိုးသွင်းပြီး ပထမပိုင်းတွင် မြန်မာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားခဲ့သည်။ ဒုတိယပိုင်း ၇၂မိနစ်တွင် ရန်ပိုင်က ဒုတိယဂိုးကိုလည်းကောင်း၊ ၈၂မိနစ်တွင် ပိုင်စိုးက တတိယဂိုးကိုလည်းကောင်း၊ ၈၈မိနစ်တွင် မျိုးမင်းထွန်းက စတုတ္ထဂိုးကိုလည်းကောင်း အသီးသီးသွင်းယူကြပြီး မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

*မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ဖေဖော်ဝါရီ ၁၈ရက် **(ယနေ့)** မြန်မာစံတော်ချိန် ညစနာရီတွင် အုပ်စုဒုတိယပွဲစဉ်အဖြစ် ဘင်္ဂလားဒေ့ရှ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။*

(သတင်းစဉ်)

မြန်မာ့အလင်း သတင်းအညွှန်း

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်နှင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေကို စာမျက်နှာ (၄)တွင် ဖော်ပြထားပါသည်။